# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday 30 April 2018 ၉၂၇၂


# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းပူဇော်

**ရန်ကုန် ဧပြီ ၂၉**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်သည့် အားလျော်စွာ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံသောနေ့ဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကို အာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာန ဖြစ်ခြင်းကြောင့် ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်သည့် ထူးခြားသောအပင် ဖြစ်သည်။ မြတ်စွာဘုရားနှင့်တိုက်ရိုက်ဆက်စပ်နေ၍ ဗောဓိပင်၌ ရေသွန်းလောင်းခြင်း အစဉ်အလာကို ခေတ်အဆက်ဆက်က ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များတွင် ကဆုန်ညောင်ရေသွန်းပွဲကို **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❂



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# ကုန်သေတ္တာခြောက်လုံးဆင့်တင်နိုင်မည့် စက်ကိရိယာသစ်များ အေးရှားဝေါဆိပ်ကမ်း၌ စတင်အသုံးပြု



**ရန်ကုန် ဧပြီ ၂၉**

အေးရှားဝေါဆိပ်ကမ်း၌ ကုန်သေတ္တာများအား ကိုင်တွယ်အသုံးပြုရာတွင် လွယ်ကူလျင်မြန်ပြီး အဆင်ပြေချောမွေ့စေရန် ခြောက်လုံးဆင့်တင်နိုင်မည့် စက်ကိရိယာပစ္စည်းသစ်များ စတင်အသုံးပြုခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ အေးရှားဝေါဆိပ်ကမ်း၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၄ သို့** ❖

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ**

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** နှင့် **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဧပြီ ၂၉**

ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဆက်လက်တည်ရှိနေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကြေးမုံ**




# ကြေးမုံ

## သဘာဝဘေးအန္တရာယ်ကို ကြိုတင်သတိပြု

ယနေ့ကာလတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၉ ရက်က သတင်းထုတ်ပြန်ထားသည်။ ထို့အပြင် မေလအတွင်း ကပ္ပလီပင်လယ်ပြင်၌ မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်လာနိုင်ကာ မြစ်ဝကျွန်းပေါ်ဒေသသို့ ဦးတည်ရွေ့လျားနိုင်ကြောင်း ၎င်းဌာနက ခန့်မှန်းချက်လည်းရှိသည်။

သို့ဆိုလျှင် ယခုမေလဆန်းတွင် မြန်မာနိုင်ငံအနောက်တောင်ပိုင်း ပင်လယ်ပြင်၌ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်လာစရာအကြောင်းရှိသည်။ မြန်မာနိုင်ငံ၏ရာသီဥတုအရ ဧပြီလကုန်နှင့် မေလများမှာ အလွန်ပူပြင်းသောကာလဖြစ်ပြီး ထိုကာလများတွင် မြန်မာ့ပင်လယ်ပြင်၌ လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများဖြစ်တတ်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်မှတ်တမ်းများ၌ ၂၀၀၈ ခုနှစ် ဧပြီလ နောက်ဆုံးပတ်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ခဲ့ပြီး မေလ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အလွန်ကြီးမားသော နာဂစ်မုန်တိုင်းကြီး တိုက်ခတ်ခဲ့သည်ကို သတိရကြမည်ဖြစ်သည်။

ထိုကဲ့သို့သော အချိန်ကာလမျိုးဖြစ်သည့် ယခုရက်ပိုင်းတွင် မြန်မာ့ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းများကို သတိပြုရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်း၌ အပူချိန်မြင့်မားလျက်ရှိစဉ် လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများကြောင့် အချို့ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

၁၂ လရာသီတွင် မေလသည် နွေရာသီ၏ပုံမှန်ကာလဖြစ်သော်လည်း ယခုဧပြီလအကုန် မေလအကူးသည် ဖြစ်စဉ်ထူးခြားနေသည်ကို သတိပြုရမည်ဖြစ်သည်။ ယခုမေလတွင် မိုးရွာသွန်းမှုမများကြောင်း၊ အပူချိန် လွန်ကဲမှုလည်းမရှိကြောင်း၊ ပူလိုက်ရွာလိုက်သဘောရှိကြောင်း မိုးလေဝသမှ အသိပေးထားသည်။ မေလ ပထမ ၁၀ ရက်တာအတွင်း ကပ္ပလီပင်လယ်ပြင်မှ အစပျိုးလာသည့် လေဖိအားနည်းရပ်ဝန်းသည် မေလ ၁ ရက်တွင် အားကောင်းလာပြီး မေလ ၂ ရက်နေ့တွင် မုန်တိုင်းငယ်ဖြစ်လာမည်ကို သိရှိထားသင့်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြစ်ဝကျွန်းပေါ်ဒေသကို ဦးတည်ပြီး မေလ ၃ ရက်တွင် မော်တင်စွန်းထိပ်မှ ကပ်လျက် မြောက်ဘက်သို့ ရွေ့လျားကာ ဂွမြို့မြောက်ဘက်သို့ ရွေ့လျားနိုင်ကြောင်း အသိပေးထားသည်။ ယခုရက်ပိုင်းတွင် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးလေပြင်းထန်နေပြီး မေလ ၃ ရက်မှ ၆ ရက်အတွင်း အထူးသတိထားနေထိုင်သင့်ကြောင်း နှိုးဆော်ထားသည်။ ယခုရက်အတွင်း မိုးများများရွာပါက မုန်တိုင်းအားလျော့နိုင်သဖြင့် ယခုရွာသွန်းသောမိုးကို ကြိုဆိုရမလိုဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဧရာဝတီနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် ဖြစ်ပေါ်နေသော မိုးလေဝသ အခြေအနေကို သတိပြုနားစွင့်ကြရမည်ဖြစ်သည်။ ခန့်မှန်းချက်များနှင့် တစ်နေ့ချင်းဖြစ်ပေါ်လာသော မိုးလေဝသဖြစ်စဉ်များအပေါ် မူတည်ပြီး ကြိုတင်ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားခြင်း၊ သတင်းမှန်များ ဖလှယ်ခြင်း၊ သဘာဝဘေးနှင့် သက်ဆိုင်သော အဖွဲ့အစည်းများအနေဖြင့် နိုးကြားသောသတိဖြင့် မိုးလေဝသဖြစ်စဉ်များကို စောင့်ကြည့် လေ့လာကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး ကြိုတင်ပြင်ဆင်ပိုင်းဝန်းဆောင်ရွက်ကြရန် လေးစားစွာ အသိပေးအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အထည်ချုပ်ကဏ္ဍအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင် အသိပေးရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ ပူးပေါင်း၍ အထည်ချုပ်လုပ်ငန်းအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင် အသိပေးရှင်းလင်းပွဲကို ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အသိပေးရှင်းလင်းပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E Peter Lysholt Hansen၊ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထည်ချုပ်လုပ်ငန်းအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင် ပြုစုရေးဆွဲခဲ့ရာတွင် ပါဝင်ခဲ့သည့် သုံးပွင့်ဆိုင်အဖွဲ့ဝင်များ၊ အထည်ချုပ်စက်ရုံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အသိပေး ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနေသော လုပ်ငန်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ် အထည်ချုပ်ကဏ္ဍတွင် အလုပ်သမား တစ်သန်းမှ ၁ ဒသမ ၅ သန်းအထိ အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဟု ခန့်မှန်းထားပါကြောင်း ပြောကြားသည်။



ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံမှ ၁၀ ဘီလီယံထိ တိုးလာမည်ဟု ခန့်မှန်းထားပြီး လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအပါအဝင် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် အလေ့အထကောင်းများအတိုင်း ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေး မြင့်တက်လာပြီး ဥရောပ၊ အမေရိကကဲ့သို့ နိုင်ငံတကာဈေးကွက်ကြီးများသို့ တိုးမြှင့်တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင်ကို သုံးပွင့်ဆိုင် ပူးပေါင်းပြုစု ရေးသားခဲ့ကြောင်း၊ လမ်းညွှန်စာစောင်တွင် အထည်ချုပ်လုပ်ငန်းများ၌ အဓိကဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များ၊ အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်သည့် အချက်များ ဖော်ပြထားကြောင်း၊ အထည်ချုပ်လုပ်ငန်းများသာမက အခြားလုပ်ငန်းများရှိ အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများပါ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ကိုးကား အသုံးပြုနိုင်သည့် လမ်းညွှန်စာစောင်ဖြစ်၍ များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E Peter Lysholt Hansen က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E Peter Lysholt Hansen ဦးဆောင်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များက လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ ပြဋ္ဌာန်းချိန် အကောင်အထည် ဖော်ရမည့် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ စကားဝိုင်းပုံစံဖြင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့တွင် တီဘီရောဂါ စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းသုတေသနဆောင်ရွက်

**ပေါင်းတည် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းသုတေသနဆောင်ရွက်ခြင်း လုပ်ငန်းကို ဘုရားငါးဆူကျေးရွာ အလယ်တန်းကျောင်း၌ မေ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်ကြာ ဒေသခံပြည်သူ ၅၆၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်တမ်းကောက်ယူခြင်းလုပ်ငန်းအား Central Diagnostic Panel Survey Coordination Units နှင့် Survey အဖွဲ့ခြောက်ဖွဲ့ဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၁၈ ခုနှစ် ဇွန်လအထိ ကိုးလကြာ နိုင်ငံတစ်ဝန်းလုံး၌ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအဖွဲ့ (၃) ဦးဆောင်သူ ပြည်ခရိုင် တီဘီဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဦးက အဖွဲ့ (၃) အနေဖြင့် မိမိအပါအဝင် အဖွဲ့ဝင်ဝန်ထမ်း ၁၃ ဦးသည် မဲကျရာ ပေါင်းတည်မြို့ ဘုရားငါးဆူကျေးရွာသို့ လာရောက်ကြပြီး ဒေသခံပြည်သူများအား ဖိတ်စာဖြင့် ဖိတ်ကြားကာ မိတ်ဆက်ခြင်း၊ သုတေသန၏ရည်ရွယ်ချက်များကို ရှင်းလင်းခြင်း၊ ရောဂါကူးစက်ဖြစ်ပွားပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။



ရပ်မိရပ်ဖများ၏ ပူးပေါင်းကူညီဆောင်ရွက်မှုနှင့်အတူ ဖိတ်ကြားထားသူများအထဲမှ (၁၈) နှစ်အထက် လာရောက်ပြသသူ ၅၆၄ ဦးအား ဆီးချို၊ သွေးချို ရှိ၊ မရှိစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် သလိပ်စစ်ဆေးခြင်းများ ပြုလုပ်ပြီး လိုအပ်သော ဆေးဝါးများ အခမဲ့ပေးအပ်ကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား ပေါင်းတည်ပြည်သူ့ဆေးရုံနှင့်ချိတ်ဆက်၍ ဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု စစ်တမ်းကောက်ယူခြင်းများကို အထက်အဖွဲ့အစည်းများသို့ ဆက်လက်ပို့ဆောင်စစ်ဆေးမည်ဖြစ်ပြီး အဆိုပါစစ်ဆေးမှုရလဒ်များကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ တီဘီရောဂါဖြစ်ပွားမှုကို သိရှိရပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကာကွယ်ဆေးဝါး ထုတ်လုပ်နိုင်မှုအတွက်ပါ အကျိုးရှိမည်ဖြစ်၍ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူများစွာရရှိမည် ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ဒုတိယအကြိမ်စည်းဝေး

**ရန်ကုန် မေ ၂၉**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့သာမက ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနိုင်ရေး ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်ဇာတ်ကားရိုက်ကူးရာတွင် ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုများသာမက ရခိုင်ပြည်နယ်ရှိ ဒေသခံများ၏ လူမှုစီးပွားဘဝများ ပေါ်လွင်အောင် ရိုက်ကူးရေး၊ ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်မှုနှင့်အတူ မြန်မာနိုင်ငံ၏ အပေါင်းလက္ခဏာဆောင်သော ပုံရိပ်များကို ဖော်ထုတ် ပြသနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရိုက်ကူးလိုပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံရခိုင်တိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးနိုင်ရေး ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများဖြစ်သည့် ပန်းချီဦးစိုးမိုးနှင့် ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးဇော်သက်မောင်၊ Forever Group CEO ဦးဝင်းမော်၊ မင်္ဂလာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်း၊ ဒါရိုက်တာ စင်ရော်မောင်မောင်၊ ဒါရိုက်တာ မောင်မျိုးမင်း၊ ဒါရိုက်တာ ညီညီထွန်းလွင်၊ ဒါရိုက်တာ ဇော်မြင့်ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးဇော်ထူးအောင်တို့က ဇာတ်လမ်းဇာတ်ညွှန်းရွေးချယ်နိုင်ရေး အပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် Documentary ပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့် ဆက်လက်ပြီး Documentary များ ရိုက်ကူးနိုင်ရေး၊ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့် စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ရေကူးအသံလွှင့်စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က ရေကူးအသံလွှင့်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ထည့်သွင်းဆောင်ရွက်ရေး၊ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း မီးဘေးလုံခြုံရေးအတွက် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ၊ စတူဒီယိုများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှု

**ရန်ကုန် မေ ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် မေ ၂၈ ရက် ညနေပိုင်းတွင် သထုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် Grade 2 သင်ရိုးသစ် နည်းပြသင်တန်းမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့်လည်းကောင်း၊ မော်လမြိုင်ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ မိုးနိုင်းအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ ဥတ္တမံတား (အတွင်း)အခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ အင်းဝိုင်းအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်း၊ ပန်းကုန်း(မွန်)အခြေခံပညာအလယ်တန်းကျောင်း စာသင်ဝိုင်း၊ သထုံမြို့နယ် ငုတ္တိုအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်းနှင့် ကရင်လေးဆိပ်အခြေခံပညာ မူလတန်းကျောင်း စာသင်ဝိုင်းများသို့ သွားရောက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုကြပြီး ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်သည်။

မွန်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မေ ၉ ရက်မှ မေ ၁၈ ရက်အထိ ရက်ပေါင်း ၄၀ သင်ကြားပေးလျက်ရှိရာ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စာသင်ဝိုင်း ၁၃၄ ဝိုင်းမှ စာသင်သားဦးရေ ၁၃၃၇ ဦးအား မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်၊ နည်းပြ ၂၁၈ ဦးဖြင့်လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်တွင် စာသင်ဝိုင်း ၂၅ ဝိုင်းမှ စာသင်သား ၂၆၆ ဦးအား မော်လမြိုင်တက္ကသိုလ်မှ ကြီးကြပ်၊ နည်းပြ ၄၇ ဦးဖြင့်လည်းကောင်း သင်ကြားပေးလျက်ရှိသည်။



၂၀၁၈ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စာသင်ဝိုင်း ၅၂၃ ဝိုင်းဖြင့် စာသင်သားဦးရေ ၅၂၆၂ ဦးအား ကြီးကြပ်၊ နည်းပြ စုစုပေါင်း ၁၀၂၂ ဦးဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နျူစမ်းသပ်ရေးစခန်းကို မေလတွင် ပိတ်သိမ်းကာ အမေရိကန်လက်နက်ပါရဂူများကို ဖိတ်ခေါ်ပြသမည်ဟုဆို

**ဆိုးလ် ဧပြီ ၂၉**

နျူကလီးယားစမ်းသပ်ရေးစခန်းကို လာမည့်လတွင် ပိတ်သိမ်းရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကတိကဝတ်ပြုခဲ့ကြောင်း၊ စခန်းပိတ်သိမ်းမှုနှင့်ပတ်သက်၍ သံသယကင်းရှင်းစေရန် အမေရိကန်လက်နက်ပါရဂူများကိုလည်း ဖိတ်ခေါ်မည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြောင်း တောင်ကိုရီးယားသမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ယွန်ယောင်ချန်းက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

ဧပြီ ၂၇ ရက် ကိုရီးယားကျွန်းဆွယ်ထိပ်သီးညီလာခံတွင် မြောက်ကိုရီးယားခေါင်းဆောင်က ငြိမ်းချမ်းရေးသို့ ဦးတည်လျက် ကတိကဝတ်ပြုခြင်းကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ယင်းနိုင်ငံနှင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက် တစ်ရပ်ရရှိလာမည်ဟု အကောင်းဘက်မှ ရှုမြင်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ရက်သတ္တပတ်ပေါင်းအတန်ကြာမျှ သံတမန်ရေးလှုပ်ရှားမှုများရှိခဲ့ပြီးနောက် နျူကလီးယားကင်းမဲ့ဇုန်ထူထောင်ရေး ရည်မှန်းချက်အတိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တောင်နှင့်မြောက်ကိုရီးယားတို့၏ ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်ဆို၏။

နျူကလီးယားစမ်းသပ်ရေးစခန်းကို မေလအတွင်း ပိတ်သိမ်းမည်ဟု မြောက်ကိုရီးယားခေါင်းဆောင်က ထိပ်သီးဆွေးနွေးပွဲတွင် ကတိပြုပြောကြားခဲ့ပြီး တောင်ကိုရီးယား၊ အမေရိကန်တို့မှ လက်နက်ကျွမ်းကျင်သူများနှင့် သတင်းထောက်များကို ဖိတ်ခေါ်ပြသရန်လည်း စီစဉ်ထားသည်ဟု ကင်က ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ယွန်ယောင်ချန်းက ဆက်လက်ပြောကြားသည်။ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် နိုင်ငံတကာ အသိုက်အဝန်းကို ကိုယ်တွေ့မျက်မြင်ဖြစ်စေရန် ကင်က လိုလားသည်ဆို၏။

အမေရိကန်သည် မိမိတို့အား စိတ်လိုက်မာန်ပါပြောဆိုခဲ့သည့်တိုင်အောင် မိမိအနေဖြင့် တောင်ကိုရီးယားကိုသော်လည်းကောင်း၊ အမေရိကန်ကိုသော်လည်းကောင်း နျူကလီးယားလက်နက်ဖြင့် ပစ်ခွင်းလိုသူမဟုတ်ဟူသော အချက်ကို မကြာမီ အမေရိကန်ဘက်မှနားလည်သဘောပေါက်လာမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် တွေ့ဆုံခွင့်ရလေလေ ယုံကြည်မှုတည်ဆောက်နိုင်လေလေဖြစ်ပြီး ကျူးကျော်တိုက်ခိုက်မှုဟူသည် လုံးဝဖြစ်ပေါ်လာစရာအကြောင်းမရှိကြောင်း ကင်၏ပြောကြားချက်ကို ကိုးကား၍ ယွန်ယောင်ချန်းက ပြောကြားသည်။

**အေးအောက်ဖ်ပီ**



# ဂျပန်ဝန်ကြီးချုပ်၏ အရှေ့အလယ်ပိုင်းခရီးစဉ်စတင်




**တိုကျို ဧပြီ ၂၉**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ငါးရက်ကြာအရှေ့အလယ်ပိုင်းဒေသခရီးစဉ်ကို ဧပြီ ၂၉ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏မြို့တော်အဖြစ် အမေရိကန်က ပြီးခဲ့သည့်ဒီဇင်ဘာလတွင် အသိအမှတ်ပြုခဲ့ပြီးနောက်ပိုင်း နိုင်ငံကြီးတစ်နိုင်ငံ၏ခေါင်းဆောင်တစ်ဦးအနေဖြင့် အစ္စရေးနိုင်ငံကိုရော ပါလက်စတိုင်းကိုပါ တစ်ဆက်တည်း သွားရောက်မည့် ပထမဆုံးခရီးစဉ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဧပြီ ၂၉ ရက်တွင် တိုကျိုမြို့တော်မှ စတင်ထွက်ခွာခဲ့သော ဂျပန်ဝန်ကြီးချုပ်သည် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ပထမဆုံးသွားရောက်မည်ဖြစ်သည်။ ဆီးရီးယားပြည်တွင်းစစ်နှင့် ဒုက္ခသည်ကိစ္စများပြဿနာတွင်လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသပြဿနာတွင်လည်းကောင်း ပါဝင်ဖြေရှင်းနိုင်ရန် ဂျပန်က ကြိုးပမ်းကူညီလာခဲ့ကြောင်း သတင်းထောက်များအား အာဘေးက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုအတွက် အထောက်အကူပြုနိုင်ရန် မိမိအနေဖြင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း အာဘေးက ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့နှစ်ဖက်စလုံးကို အပြုသဘောဆောင်သော နည်းလမ်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ အာဘေးသည် အာရပ်စော်ဘွားများပြည်ထောင်စုခရီးစဉ်ပြီးလျှင် ဂျော်ဒန်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ငြိမ်းချမ်းရေးရဲတပ်ဖွဲ့ယူနစ်အရေအတွက်၏ ထက်ဝက်ကို လျှော့ချရန် ဘရာဇီးအစိုးရ ဆုံးဖြတ်

ရီယိုဒီဂျနေးရိုး ဧပြီ ၂၉

**ဘရာဇီးနိုင်ငံ၌ "ငြိမ်းချမ်းရေးရဲတပ်ဖွဲ့"ယူနစ်အရေအတွက်၏ ထက်ဝက်ကိုပိတ်သိမ်းရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ကျူးကျော်ရပ်ကွက်များနှင့် ပုံကျရပ်ကွက်များ၌ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးမှောင်ခိုများကို ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သော ငြိမ်းချမ်းမှုတည်ဆောက်ရေးရဲတပ်ဖွဲ့၏ တပ်ဖွဲ့ယူနစ်များအနက် ထက်ဝက်ကို ဖျက်သိမ်းသွားရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။**

အစိုးရအဖွဲ့၏ ဧပြီ ၂၇ ရက်နှောင်းပိုင်း ဆုံးဖြတ်ချက်အရ ငြိမ်းချမ်းမှုတည်ဆောက်ရေးရဲတပ်ဖွဲ့ ယူနစ် ၃၈ ခုအနက် ၁၂ ခုကို ပိတ်သိမ်းမည်ဖြစ်ပြီး ယူနစ်ခုနစ်ခုကို တည်ရှိဆဲ ရဲလုပ်ငန်းများတွင် ပေါင်းစပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီး ရာအူးလ်ဇွန်မန်းက ပြောကြားသည်။

ငြိမ်းချမ်းမှုတည်ဆောက်ရေးရဲတပ်ဖွဲ့ကို မိမိတို့ ပိတ်သိမ်းလိုခြင်းမရှိကြောင်း၊ သို့ရာတွင် ယင်းရဲတပ်ဖွဲ့၏ ရည်မှန်းချက်များ ပေါက်မြောက်မှုမရှိသည်ကို တွေ့မြင်လာရကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးရဲတပ်ဖွဲ့၏ ယူနစ်ထက်ဝက်ကို ပြန်လည်ဖျက်သိမ်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ငြိမ်းချမ်းမှုတည်ဆောက်ရေး ရဲတပ်ဖွဲ့ကို ၂၀၀၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်။ ရီယိုဒီဂျနေးရိုးမြို့ရှိ ပုံကျရပ်ကွက်များ၌ မူးယစ်ဆေးဝါးရောင်းဝယ်သူများ အကြီးအကျယ်လှုပ်ရှားမှုရှိသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးစစ်ဆင်ရေးများကို မြေပြင်တွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် အဆိုပါရဲတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမကျင်းပမီကာလတွင် လည်းကောင်း၊ ၂၀၁၆ ခုနှစ် နွေရာသီအိုလံပစ်ပွဲတော် မကျင်းပမီကာလတွင်လည်းကောင်း ရီယိုဒီဂျနေးရိုးမြို့၌ တရားဥပဒေစိုးမိုးမှုရှိစေရန် ရဲတပ်ဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ငြိမ်းချမ်းမှု တည်ဆောက်ရေးရဲတပ်ဖွဲ့မှာ ဒေသန္တရရဲတပ်ဖွဲ့အမျိုးအစားဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြဿနာများကို ကိုင်တွယ်ဆောင်ရွက်ရေးပြုလုပ်နိုင်ရန် အထူးလေ့ကျင့်ထားသော တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းကာ ပုံကျရပ်ကွက်များအတွင်း ကင်းလှည့်စောင့်ကြပ်ပေးခဲ့ကြသည်။ သို့ရာတွင် ယင်းရဲတပ်ဖွဲ့၏တပ်ဖွဲ့ဝင်များကိုယ်တိုင် အကျင့်ပျက်ခြစားခြင်း၊ တရားဥပဒေအရ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ မိမိဆန္ဒအရ တစ်ဖက်သတ်ဆုံးဖြတ်လုပ်ကိုင်ခြင်းတို့ ရှိလာကာ ရဲတပ်ဖွဲ့၏ဂုဏ်သတင်းကျဆင်းခဲ့ရသည်။

**အေးအောက်ဖ်ပီ**



# ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လွှတ်တော်ကိုယ်စားလှယ်များ၊ လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသော အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ဒေသတွင်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပြီး လိုအပ်ချက်များကို လေ့လာဆောင်ရွက်ကာ လေ့လာထားမှုနှင့် အတွေ့အကြုံများပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နေပါကြောင်း၊ အစ္စလာမ်ဘာသာဝင်များ၏ ခံစားမှုသာမက ရခိုင်တိုင်းရင်းသားများ၊ ရခိုင်မျိုးနွယ်စုငယ်များ၊ ဟိန္ဒူ၊ ကမန်၊ မရမာကြီးစသည်တို့၏ ခံစားမှုများ၊ မည်သို့ရှိသည်ကို လေ့လာထားပြီးဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် လူမှုသဟဇာတ မဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းများဖော်ထုတ်ခဲ့ရာတွင် အကြောင်းရင်းများ ထွက်ပေါ်လာသော်လည်း နှစ်ရှည်လများစွာကတည်းက ဖြစ်ပေါ်နေသောအကြောင်းရင်းများ ဖြစ်သဖြင့်ဖြေရှင်းရန် ခက်ခဲပါကြောင်း။

၂၀၁၆ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံးမှုများရှိပါကြောင်း၊ ယင်းတိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးအကြံပြုချက်(၄၈)ချက် ပေါ်ထွက်ခဲ့ကြောင်း၊ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှ အပြီးသတ်အစီရင်ခံစာ တင်သွင်းပြီး အကြံပြုချက် (၈၈)ချက်ပေါ်ထွက်ခဲ့ပါကြောင်း၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏အကြံပြုချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တို့၏ အကြံပြုချက်များသည်အတော်များများ တူညီပါကြောင်း၊ အကြံပြုချက်များအား အကောင်အထည်ဖော်ရန်ကော်မတီဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အချိန်တွင်လည်း ပဋိပက္ခများဆက်လက်ဖြစ်ပွားခဲ့ပါကြောင်း။

အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည့်အတွက် ရေရှည်ဖြေရှင်းရန်၊ လတ်တလော ဆောင်ရွက်ရမည့် လုပ်ငန်းများရှိလာသည့်အတွက် လိုအပ်ချက်အရ UEHRD "Union Enterprise For Humantarian Assistance, Resettlement and Development In Rakhine" ပြည်ထောင်စုစီမံကိန်းကို ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံသည် ဘာသာပေါင်းစုံ၊ တိုင်းရင်းသား ပေါင်းစုံတို့ ပေါင်းစည်းနေထိုင်ကြကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်ရန် UEHRD ကိုထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေရပ်စွန့်ခွာကြသည့်သူများ မိမိနေရပ်တွင် ပြန်လည်နေရာချထားရန်၊ ပြန်လည် ထူထောင်ရေး ဆောင်ရွက်ပေးရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေး ရည်ရွယ်ချက်များဖြင့် UEHRD ကိုထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသာမက ပြည်ပရောက်မြန်မာများပါ ပါဝင်နိုင်စေရန်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ ပြည့်မြောက်အောင်ဆောင်ရွက်ရာတွင် အိမ်နီးချင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

သို့ရာတွင် တိုင်းရင်းသားများက နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်မျှတစွာ ဆောင်ရွက်စေလိုသည့်ဆန္ဒရှိကြကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် မမျှတဟုတိုင်းရင်းသားများကခံစားကြရကြောင်း၊ တိုင်းရင်းသားများအတွက် လာရောက် ဆောင်ရွက်သည်ကို ကျေးဇူးတင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့် အချိန်တွင် လုံခြုံရေးနှင့်ပတ်သက်၍ သုံးသပ်ဖော်ထုတ်ချက်များအရ နယ်စပ်လုံခြုံရေးမှာအရေးကြီးသည်ကိုတွေ့ရှိရကြောင်း၊ ရခိုင်ဒေသအတွက် ကုန်းပိုင်းနှင့် ရေပိုင်းနယ်စပ်များရှိသဖြင့် ကုန်းပိုင်းလုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုး ကာရံခြင်းကို ဆောင်ရွက်နိုင်သော်လည်း ရေပိုင်းလုံခြုံရေးအတွက် အင်တိုက်အားတိုက် စနစ်တကျပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ အခက်အခဲများရှိသော်လည်း အားလုံးပူးပေါင်းဆောင်ရွက်ပါက ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် တာဝန်ယူဆောင်ရွက်နေသည့် ဌာနများအပြင် ဒေသတွင်းနေထိုင်သူများဖြစ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ခမီ၊ မရမာကြီး၊ သက်၊ ကမန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း။

လွတ်လပ်စွာသွားလာခွင့်တွင် အစ္စလာမ်ဘာသာဝင်များသာမက တိုင်းရင်းသားလူနည်းစုများ၊ ဟိန္ဒူများတွင်လည်းအခက်အခဲများ ခံစားနေရသည့်အတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် လွတ်လပ်စွာ သွားလာခွင့်ဆိုသည်မှာ စည်းကမ်းဖြင့်သွားလာခွင့်ကိုဆိုလိုကြောင်း၊ ခရီးထွက်ပါက လူတိုင်း အထောက်အထားယူဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ လမ်းခရီးတွင် စစ်ဆေးမှုများရှိပါက ကြည်ဖြူစွာခံယူရမည်ဖြစ်ကြောင်း၊ ဒေသန္တရညွှန်ကြားချက်များရှိပါကလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားသောဥပဒေများကို တစ်ပြေးညီချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် ဦးစွာဆောင်ရွက်မည်ဟု နိုင်ငံတော်သမ္မတက မိန့်ကြားထားကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း ဦးစားပေး ဆောင်ရွက်သွားမည်ဟုပြောကြားထားကြောင်း၊ တိုင်းရင်းသားအားလုံးသင့်မြတ်အောင် ဆောင်ရွက်နိုင်မှသာ ပဋိပက္ခကင်းဝေးမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် အများလိုလားတောင့်တသော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန်ဖြစ်ကြောင်း။

တက်ရောက်လာသူများတွင် ပြည်သူကတင်မြှောက်ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ (ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်)များ၊ လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများ၏ အခက်အခဲအကျပ်အတည်းများ ပြေလည်စေရန် အန္တရာယ်မရှိသော၊ ဥပဒေကို ဆန့်ကျင်ရာမကျသော ဖြေလျှော့မှုများ၊ ကန့်သတ်မှုများကို ပယ်ဖျက်ခြင်းများဆောင်ရွက်နေကြောင်း၊ မီဒီယာများသည်လည်း တာဝန်ရှိသူများပြောကြားသောစကားများ၊ အကြောင်းအရာများ၏ အဓိပ္ပာယ်ကိုအဆုံးထိ လေ့လာနားလည်ထားရန်လိုကြောင်း၊ တစ်ခွန်းရတစ်ခွန်းထုတ်ပြန်ခြင်းမလုပ်ဘဲ သတင်းများကို မှန်မှန်ကန်ကန်ထုတ်ပြန်ရန်လိုကြောင်း၊ တက်ရောက်လာကြသောမတူညီသည့် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ ကြိုတင် အစည်းအဝေးပြုလုပ်၍ ဆွေးနွေးမှုရလဒ်များ၊ ယနေ့ဆွေးနွေးမှုများမှ ထွက်ပေါ်လာသောရလဒ်များကို ဖြန့်ဝေပေးရန်လိုကြောင်း၊ သက်ဆိုင်ရာ ဒေသအသီးသီးတွင်လည်း ယခုကဲ့သို့ တွေ့ဆုံမှုများဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နည်းလမ်းပေါင်းစုံနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ လိုအပ်ချက်များကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များနှင့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်၊မြို၊ ဒိုင်းနက်၊ ခမီ၊ မရမာကြီး၊ သက်၊ ကမန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တောဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၂၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ပြည်နယ်ဝန်ကြီးများသည် ဧပြီ ၂၈ ရက်က မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာ၌ မြိုတိုင်းရင်းသားများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။



ကိုင်းကြီးကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အိမ်ရာ ၅၆ လုံးအနက် အလုံး ၄၀ ပြီးစီးနေပြီဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အိမ်ရာ ၆၄ လုံးအနက် ၁၈ လုံးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောပြင်ကျေးရွာ၌ ဆောက်လုပ်ပြီးစီးသည့် အိမ်ရာများပေါ်တွင် အစ္စလာမ်ဘာသာဝင်များ နေထိုင်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မိသားစုများ ခေတ္တနေထိုင်မည့် လှဖိုးခေါင်ကြားစခန်း၌ အဆောက်အအုံများ အပြီးသတ်တည်ဆောက်နေမှုနှင့် အိုးထိန်းကျေးရွာ၌ နေအိမ်များတည်ဆောက်နေမှု တို့ကို လိုက်လံကြည့်ရှုသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲနှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတို့တွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အဆင်သင့်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်း- မျိုးမြင့်**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

# ကျိန္တလီမြို့ စည်ပင်သာယာဈေး မိုးမကျမီ ပြုပြင်ဆောင်ရွက်မည်

**ကျိန္တလီ ဧပြီ ၂၉**

ကျိန္တလီမြို့ စည်ပင်သာယာဈေးပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ဧပြီ ၂၄ ရက်က သက်ဆိုင်ရာမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျိန္တလီမြို့ စည်ပင်သာယာဈေးကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် မြို့မိ မြို့ဖများအဖွဲ့သည် ကျိန္တလီမြို့ဈေးအား ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည်များကို စစ်ဆေးခဲ့ကြသည်။

မကြာမီ မိုးရာသီကျရောက်မည်ဖြစ်ရာ ဈေးဆိုင်ခေါင်မိုးများ၊ ဈေးခုံတန်းများ၊ အမိုးအကာများ ခိုင်ခံ့စေရေးနှင့် ဈေးရောင်း၊ ဈေးဝယ်များ အဆင်ပြေစွာ ဝယ်ယူရောင်းချနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အလုပ်ရုံဆွေးနွေးပွဲမှသည် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးသို့

ဒေါ်မြတ်စန်းငြိမ်း၊ ဒေါက်တာစန္ဒာဦး

ကမ္ဘာတစ်ဝန်းတွင် စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် နယ်ပယ်တစ်ခုမှာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။

အရှေ့တောင်အာရှ နိုင်ငံများတွင် ကျောင်းစာကြည့်တိုက်များသည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဖွံ့ဖြိုးလျက်ရှိပါသည်။

အချို့နိုင်ငံများတွင် ကျောင်းစာကြည့်တိုက်များသည် ကောင်းစွာစီမံခန့်ခွဲတည်ထောင်ထားပြီး အချို့မှာ စာကြည့်တိုက်များ ရှင်သန်ရေးအတွက် အစပြုဆောင်ရွက်ဆဲဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတည်ထောင်မှု၊ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်များနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးသည်လည်း အရေးပါလာပါသည်။ ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲရေးသို့ ပြောင်းလဲနိုင်ရေးအတွက် ပံ့ပိုးထောက်ပံ့လျက်ရှိပါသည်။

ယင်းအချက်ကို အခြေခံ၍ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ထိုင်းနိုင်ငံစာကြည့်တိုက်အသင်း၏ ကျောင်းစာကြည့်တိုက်ကော်မတီ၊ Srinakharinwirot University၊ Department of Library and Information Science နှင့် International Association of School Librarianship (IASL) တို့ ပူးပေါင်း၍ အရှေ့တောင်အာရှ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို CONSAL XVI ၏ အကြိုညီလာခံအဖြစ် တစ်ရက်ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ စာကြည့်တိုက်မှူးများ တက်ရောက်ဆွေးနွေးနိုင်ခဲ့ပါသည်။

ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို University of Indonesia တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ စာကြည့်တိုက်မှူးများနှင့် ကျောင်းစာကြည့်တိုက်မှူး ဆရာများ တက်ရောက်လေ့လာ၍ အတွေ့အကြုံများလည်း နှီးနှောဖလှယ်နိုင်ခဲ့ကြပါသည်။

တတိယအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မလေးရှားတွင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ စာကြည့်တိုက်မှူး ဆရာမများနှင့် ကျောင်းစာ ကြည့်တိုက်မှူး ဆရာမများ တက်ရောက်ကာ အဖိုးမဖြတ်နိုင်သော ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို လေ့လာခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲနှစ်ခုစလုံးကို တက်ရောက်ခွင့်ရရှိစေရန် အာရှဖောင်ဒေးရှင်း မြန်မာမှ အထောက်အပံ့ပေးခဲ့ပါသည်။

ယခု ၂၀၁၈ ခုနှစ်တွင် စတုတ္ထအကြိမ် အရှေ့တောင်အာရှကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၌ မေလ ၂ ရက်နေ့တွင် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်များညီလာခံကြီး၏ အကြိုအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပတော့မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံအသိအမြင် အယူအဆများကို ဖလှယ်နိုင်မည်ဖြစ်ပါသည်။

ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေး၊ နိုင်ငံတွင်း၊ ဒေသတွင်း ချိတ်ဆက်ပေါင်းစည်း၍ ကျောင်းစာကြည့်တိုက်လုပ်ငန်းများ ခေတ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်နိုင်တော့မည်ဖြစ်သည်။

စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

(က) အရှေ့တောင်အာရှနိုင်ငံများရှိ ကျောင်းစာကြည့်တိုက်များ အဆင့်မြှင့်တင်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းလမ်းများကို ဆွေးနွေးရန်။

(ခ) အာဆီယံနိုင်ငံများ၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံ အသိအမြင်များကို စူးစမ်းရှာဖွေလေ့လာခြင်း၊ ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်ရန်။

(ဂ) ကျောင်းစာကြည့်တိုက်များမှတစ်ဆင့် အာဆီယံနိုင်ငံများ အချင်းချင်း ချိတ်ဆက်၍ ၂၁ ရာစု အရည်အသွေးများ တိုးမြှင့်လာစေရန်။

(ဃ) ကျောင်းစာကြည့်တိုက်အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် အခွင့်အလမ်းများ ရရှိရန်။

(င) အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ၊ စာကြည့်တိုက်နှင့် သုတပညာဌာနများ၊ အမျိုးသားစာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းများ၊ ကျောင်းစာကြည့်တိုက်အသင်းများ၊ တက္ကသိုလ်များ၊ စိတ်ပါဝင်စားသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ချိတ်ဆက်ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်အစီအစဉ်များကို ဖန်တီးနိုင်ရန်။

(စ) ကျောင်းစာကြည့်တိုက်အချိန် ကျောင်းတိုင်းတွင် သီးသန့်သတ်မှတ်၍ ကျောင်းသားများ ပျော်ရွှင်စွာ အသုံးပြုစေရန်တို့ ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာ (Theme) " Re-energizing School Libraries in the Southeast Asian Countries: Collaborate and Connect" ဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် International Association of School Librarianship (IASL) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် မေလ ၂ ရက်နေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပအတွေးအခေါ် အယူအဆနှင့် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းများကို ရရှိနိုင်သော အရေးကြီးဆုံးနေရာနှင့် ပညာဦးနှောက်ဖြစ်သည့် ကျောင်းစာကြည့်တိုက်များကို မူလတန်းပညာသင်ယူစဉ်ကပင် အသုံးပြုတတ်လာစေရန်၊ ကျောင်းစာကြည့်တိုက်များတွင် ပျော်ရွှင်လာစေရန်၊ စာဖတ်ခြင်း၌ မွေ့လျော်လာစေရန် အစွမ်းကုန်ကြိုးစားကြရမည့် အချက်ကိုလည်း ဝိုင်းဝန်းအဖြေရှာဆွေးနွေးကြမည် ဖြစ်ပါသည်။

ကျောင်းစာကြည့်တိုက်ကော်မတီဖွဲ့စည်းခြင်း၊ မိဘဆရာအသင်းများ၊ ကျောင်းသားဟောင်းအသင်းများကလည်း စာကြည့်တိုက်တန်ဖိုးကို သိရှိနားလည်လာ၍ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးရေးလုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းဆွေးနွေးကြရမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အရှေ့တောင်အာရှနိုင်ငံများရှိ ပညာရေးဝန်ကြီးဌာနများ၊ အမျိုးသားစာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းများ၊ ကျောင်းစာကြည့်တိုက်အသင်းများ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် the Asia Foundation တို့ ပူးပေါင်းဆောင်ရွက်သည့် Reenergizing School Library Project အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ပြီးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်းမှ နှစ်ဦးစီ၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးဆောင်ရွက်မည့်အစီအစဉ်တွင် ပါဝင်မည့် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်းမှ နှစ်ဦးစီဖြင့် အခြားအခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းစာကြည့်တိုက်မှူးများ စုစုပေါင်း ၆၀၊ ကိုယ်ပိုင်ကျောင်းစာကြည့်တိုက်များမှ စာကြည့်တိုက်မှူး ၅၀၊ တက္ကသိုလ်စာကြည့်တိုက်မှူး ၃၀ စုစုပေါင်း ၁၄၀ တို့ကို ဖိတ်ကြားထားပါသည်။

အာဆီယံနိုင်ငံများမှ စာကြည့်တိုက်ပညာရှင်များက နိုင်ငံအလိုက် ကျောင်းစာကြည့်တိုက်များ ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှု အခြေအနေများနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်ပါသည်။

စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ (The 4th Regional Workshop on School Libraries in Southeast Asian Countries) ကျင်းပခြင်းဖြင့် အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများအချင်းချင်း အတွေ့အကြုံအသိအမြင်ဗဟုသုတများ ဖလှယ်နိုင်ကြမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်နှင့် လူငယ်များ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပညာရေးတွင် ကျောင်းစာကြည့်တိုက်များ၏ အရေးပါမှုအခန်းကဏ္ဍနှင့် ကျောင်းစာကြည့်တိုက်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် အတွေးအမြင်အယူအဆများ လက်တွေ့အကောင်အထည်ဖော် ပြုပြင်လုပ်ဆောင်ကြရမည်များကို လေ့လာဆည်းပူးနိုင်သည့် အခွင့်အလမ်းများ ရရှိစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပမည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိရသည့်အတွက် မြန်မာနိုင်ငံတွင် အခြေခံပညာကဏ္ဍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

> **“မြန်မာနိုင်ငံအမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ကျင်းပမည့် စတုတ္ထအကြိမ် အရှေ့တောင်အာရှ ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိရသည့်အတွက် မြန်မာနိုင်ငံတွင် အခြေခံပညာကဏ္ဍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း”**

## လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးများ သင်တန်းဖွင့်

**ရွှေကူ ဧပြီ ၂၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စီမံကိန်းစက်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူထုစည်းရုံးရေးမှူးများသင်တန်း (၁/၂၀၁၈) ကို သင်တန်းဆရာ ဆရာမ လေးဦးနှင့် တက်ရောက်သူ ၁၆ ဦးတို့ဖြင့် ဧပြီ ၂၅ ရက်မှ ၃၀ ရက်အထိ ရွှေကူမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးတွင် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ကျေးရွာများတွင် မေ ၁ ရက်မှ ၂ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ကျားမရေးရာတာဝန်ခံနှင့် ဘဏ္ဍာရေးတာဝန်ခံတို့ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဧပြီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စီမံကိန်းစက်ဝန်းအတွင်း ပြည်နယ်၊ မြို့နယ် ကျားမရေးရာတာဝန်ခံနှင့် ဘဏ္ဍာရေးတာဝန်ခံတို့သည် ဧပြီ ၂၅ ရက်က ဘီးလင်းမြို့နယ် ဇွဲကလာကျေးရွာနှင့် သာယာကုန်းကျေးရွာတို့သို့ သွားရောက်ပြီး ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းနှင့်ပတ်သက်သော လုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ ရောက်ရှိ

**ညောင်ရွှေ မေ ၂၉**

၂၀၁၈ ခုနှစ် နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးစုရပ်မှ ထွက်ခွာကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းသို့ ညနေ ၄ နာရီတွင် ရောက်ရှိကြသည်။

အင်းလေးခေါင်တိုင်အပန်းဖြေစခန်း စခန်းမှူး ဦးသန်းအေး ဦးဆောင်သော နဝမတန်းလူရည်ချွန်ကျောင်းသားကျောင်းသူ ၁၇၆ ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၅ ဦးပါဝင်သည့်အဖွဲ့အား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ရှမ်းအိုးစည်အဖွဲ့နှင့် ဒေသခံတိုင်းရင်းသား လူမျိုးပေါင်းစုံတို့က ပန်းစည်းပန်းကုံးများဖြင့် ကြိုဆိုကြပြီး ရှမ်းရိုးရာအက၊ အင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေကာ တည်းခိုရာနေရာအရောက် လမ်းဘေးဝဲယာတွင် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင်အပန်းဖြေစခန်းသို့ လာရောက်ကြသည့် နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ မန္တလေးမှ အင်းလေးခေါင်တိုင်အရောက် လမ်းတစ်လျှောက်ဖြတ်သန်းလာသည့် ကလောမြို့နှင့် တောင်လေးလုံးတို့တွင်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက ပန်းစည်းများကမ်းခြင်း၊ ပန်းကုံးများစွပ်ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြသည်။ **(ဓာတ်ပုံ)** **နိုင်လင်းကြည်**

# လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံလူရည်ချွန် အပန်းဖြေစခန်းသို့ ရောက်ရှိ

**ပုဂံ မေ ၂၉**

၂၀၁၈ ခုနှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ချမ်းအေးသာစံမြို့နယ် အထက(၁၄)မှ ယနေ့ နံနက် ၇ နာရီက စတင်ထွက်ခွာလာရာ ပုဂံလူရည်ချွန်စခန်းဖြစ်သည့် ပုဂံမြို့ရှိ မြနန်းဘုံ Royal Emerald River View Resort ဟိုတယ်သို့ ညနေ ၄ နာရီတွင် ရောက်ရှိကြသည်။

ပုဂံလူရည်ချွန်စခန်းသို့ သွားရောက်ကြမည့် ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အထက(၁၄)မှ စတင်ထွက်ခွာပြီး မန္တလေးမြို့ပေါ်ရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအား လှည့်လည်လေ့လာကြသည်။ ထို့နောက် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြပြီး ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန် လူငယ်(ပုဂံလူရည်ချွန်စခန်း)မှ ကျောင်းသားကျောင်းသူများ စုပေါင်းလှူဒါန်းသော အလှူငွေကျပ်ကိုးသိန်းကို ပုဂံလူရည်ချွန် စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့က လက်ခံရယူသည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် ပုဂံလူရည်ချွန်စခန်းသို့ ထွက်ခွာလာကြရာ ယနေ့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိကြပြီး ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ၊ ကင်းထောက်လူငယ် မောင်မယ်များ၊ ဆရာ ဆရာမက ကြိုဆိုကြသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း) ဓာတ်ပုံ- သီဟစည်သူ**



# ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့မှ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ



**ရန်ကုန် မေ ၂၉**

၂၀၁၈ ခုနှစ် ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့ နံနက် ၅ နာရီတွင် ရန်ကုန်မြို့မှ ငွေဆောင် လူရည်ချွန် အပန်းဖြေစခန်းသို့ ထွက်ခွာကြသည်။

လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကန်တော့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုသိမ်မြို့ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်း စခန်းမှူး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်မြင့်မြင့်သန်းက ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းတွင် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ယင်းနောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာကြပြီး ညနေ ၃ နာရီတွင် ငွေဆောင်ကမ်းခြေသို့ ရောက်ရှိကြရာ ငွေဆောင်ဒေသရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

၂၀၁၈ ခုနှစ် လူရည်ချွန်လူငယ်များအဖြစ် ရွေးချယ်ခံရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဒသမတန်းကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၆ ဦးရှိပြီး ငွေဆောင် လူရည်ချွန်အပန်းဖြေစခန်းတွင် မေ ၅ ရက်အထိ ငွေဆောင်ဒေသရှိ လူမှုဘဝများ၊ ရိုးရာလက်မှုပညာလုပ်ငန်းများနှင့် အထင်ကရနေရာများကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **မျိုးသူဟိန်း(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်ကို နိုင်ငံတကာ Gate Way တစ်ခုအဖြစ် ဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန် အဓိကပင်လယ်ရေကြောင်းကဏ္ဍမှာ ၉၀ ရာခိုင်နှုန်း အထက်သည် သီလဝါဆိပ်ကမ်းနှင့် အေးရှားဝေါဆိပ်ကမ်းတွေ ပါဝင်နေပြီး ကွန်တိန်နာကိုင်တွယ်နိုင်သည့် ဆိပ်ကမ်းငါးခုတွင် ပို့ကုန်သွင်းကုန် ဆောင်ရွက်နေရပါကြောင်း၊ ဆိပ်ကမ်းများတွင် ကုန်တင်၊ ကုန်ချ စက်ကိရိယာတွေတပ်ဆင်ပြီး ဆောင်ရွက်လျှင် လွယ်ကူလျင်မြန်မည်ဖြစ်သည့် အတွက် ယင်းဆိပ်ကမ်းမှာ စက်ကိရိယာတွေကို တပ်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဆိပ်ကမ်းတစ်ခုတည်း လုပ်လို့ပြီးသည့်ကိစ္စမဟုတ်သည့်အတွက် တစ်ဆင့်ပြီးတစ်ဆင့် မြန်အောင် ကြန့်ကြာမှုတွေနည်းအောင် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယင်းဆိပ်ကမ်းတွင် RTG တွေ တပ်ဆင်လိုက်သည့်အတွက် ကွန်တိန်နာ နှစ်ထပ်၊ သုံးထပ်မှ ခြောက်ထပ်ဆင့်တင်နိုင်မည်ဖြစ်ပြီး အေးရှားဝေါအနေဖြင့် ယင်းဆောင်ရွက်မှုတွေကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

“စက်ပစ္စည်းယန္တရားတွေ တိုးလိုက်ခြင်းဖြင့် တံတားပိုင်းရော လွင်ပြင်ပိုင်းပါ ကုန်သွယ်ကိုင်တွယ်နိုင်မှု ၃၅ ရာခိုင်နှုန်းထိ တိုးနိုင်ပါတယ်။ စက်ပစ္စည်းသစ်တွေကို ကွန်ထရိုစင်တာကနေ တိုက်ရိုက်ကွန်ထရို လုပ်ပါမယ်။ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံမှုအပိုင်းတွေကိုလည်း အပတ်စဉ် လစဉ်အလိုက် သင်တန်းပို့ချပေးပါမယ်။ အရင်က ကွန်တိန်နာတွေ နှစ်ထပ်၊ သုံးထပ်တင်လို့ရပါတယ်။ အခုက ခြောက်ထပ်အထိ တင်နိုင်တဲ့အတွက် လုပ်ငန်းတွေ ပိုမိုတွင်ကျယ်လာမှာပါ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပိုမိုလုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားတဲ့သဘောပါ။ နိုင်ငံတော်ရဲ့ကုန်သွယ်မှုဟာလည်း အဓိက ရေကြောင်းကုန်သွယ်မှုမှာ မူတည်ပါတယ်။ သွင်းကုန်/ထုတ်ကုန်တွေ များများပို့နိုင်၊ သွင်းနိုင်ရင် နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မယ်။ ကျွန်တော်တို့ရဲ့ ဆိပ်ကမ်းလည်း တိုးတက်ဖွံ့ဖြိုးလာမယ်”ဟု Asia World Port Terminal မန်နေဂျာ ဦးဇော်လွင်ဦးက ပြောသည်။

ထိုသို့ စက်ကိရိယာအသစ်များကို တပ်ဆင်အသုံးပြုခြင်းကြောင့် ယခင်က ဆိပ်ကမ်းကုန်သေတ္တာ ကိုင်တွယ်မှုသည် သေတ္တာအလုံးရေ ၄၂၃၀၀၀ ကျော် ဆောင်ရွက်ခဲ့ရာ နောက်ပိုင်းနှစ်များတွင် ၎င်းအလုံးအရေအတွက်၏ ၃၀ ရာခိုင်နှုန်းကျော် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကုန်သေတ္တာသယ်ဆောင်သည့် စက်ယန္တရားအရေအတွက်အနေဖြင့် ၁၄ စီးရှိပြီး Rubber Tyred Gantry(RTG) အသစ် ကိုးစီး၊ Mobile Harbour Crane(MHC) တစ်စီးနှင့် Reach Stackers(RS) လေးစီးတို့ဖြစ်ကြောင်း သိရသည်။

“အရင် ဒီစက်တွေ မတပ်ခင်တုန်းက ကုန်သေတ္တာကိုင်တွယ်မှု အချိန်ကြန့်ကြာမှုတွေရှိခဲ့တယ်။ RTG တွေ တပ်လိုက်တော့ ကုန်သေတ္တာ အတင်အချတွေ မြန်လာမှာဖြစ်ပါတယ်။ ထုတ်ကုန်၊ သွင်းကုန်နဲ့ ကုန်သေတ္တာသယ်ယူပို့ဆောင်တဲ့နေရာမှာ မြန်ပြီးတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ တိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်မှ ဒီနှစ် ကုန်သေတ္တာ လေးသိန်းကိုင်တွယ်နိုင်ရင် နောက်နှစ်ဆို ငါးသိန်း ကိုင်တွယ်နိုင်မှာဖြစ်ပြီး တဖြည်းဖြည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ တခြားဆိပ်ကမ်းတွေမှာလည်း ဒီလိုစက်ယန္တရားတွေ ရှိပြီးသားဖြစ်ပါတယ်။ ဆိပ်ကမ်းနေရာဒေသပေါ်မူတည်ပြီး တချို့က ငါးထပ်၊ တချို့က ခြောက်ထပ်ရှိပါတယ်။ အဓိကအခန်းကဏ္ဍဖြစ်တဲ့ ဆိပ်ကမ်းရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်က ရှင်းပြသည်။

အေးရှားဝေါဆိပ်ကမ်းမှ ကုန်ပစ္စည်းအများစုသည် မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ အစရှိသည့် နိုင်ငံများသို့ ပို့ဆောင်တင်သွင်းလျက်ရှိပြီး ဆိပ်ကမ်းဧရိယာအကျယ်အဝန်းအနေဖြင့် ၆၆ ဧကကျော်ရှိကာ ကုန်သည်များ၏ ပို့ဆောင်သောကုန်ပစ္စည်းများကို စစ်ဆေး၍ ကုန်သေတ္တာအတွင်း ထည့်သွင်းကာ ကုန်တင်ကုန်ချ သိုလှောင်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသော အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေအောင်၊ Asia World Port Management ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**




# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၉**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဒသမအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်များ စိုက်ပျိုးထားရှိရာနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ပရိဘောဂစေတီတော်များဖြစ်ကြသည့် မဟာဗောဓိပင် အမှတ် (၁)၊(၂)နှင့် (၃)တို့အား ကဆုန်ညောင်ရေများ သွန်းလောင်းပေးကြသည်။

နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင် အမှတ်(၁) ကို မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် လည်းကောင်း၊ မဟာဗောဓိညောင်ပင်အမှတ်(၂)ကို ၁၃၇၂ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်တွင် လည်းကောင်း၊ မဟာဗောဓိပင် အမှတ် (၃) မဟာဗောဓိလင်းလွန်းပင်ကို ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်တွင် လည်းကောင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓအခါတော်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍ကုသိုလ်ယူကြသူများ၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ဝတ်ရွတ်ပူဇော်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**သတင်းစဉ်**

**ကဆုန်လပြည့်မှ**

ရိုးရာပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အထက်ပါအကြောင်းအရာများကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း ဗုဒ္ဓရုပ်ပွားဥဒ္ဒိဿစေတီတော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာသဘင်များ ကျင်းပခြင်း၊ ဘုရားကျောင်းကန်များသို့သွား၍ ဒါန၊ သီလ၊ ဘာဝနာပြုကြခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ၃၅ ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်အဂ္ဂိထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ရှေးဟောင်းသမိုင်းဝင်အပ္ပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျိုက်ခေါက်၊ ကျိုက်မှော်ဝန်း (ရေလယ်ဘုရား)နှင့် မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီများ၌ ဗုဒ္ဓအခါတော်နေ့ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားများကို ကျင်းပကြပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းပူဇော်ရာတွင် အဆင်ပြေစေရန် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုး၊ အမွှေးနံ့သာရည်အိုးများကို စီစဉ်ပေးထားသည်ကို တွေ့ရသည်။

ထို့အပြင် ဘုရားစေတီများနှင့် မြို့နယ်၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၊ လမ်းများ၌ စေတနာရှင်၊ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့အနှံ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး မေ ၂၉**

ကဆုန်လပြည့်နေ့ (ယနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော ဘာသာရေးနေ့ထူးနေ့မြတ်ဖြစ်သဖြင့် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပ၍ မန္တလေးမြို့မှ ဆွမ်းလောင်းအသင်းများနှင့် ကုသိုလ်ရှင်များက ဆရာတော်၊ သံဃာတော်များကို ဆွမ်း၊ ချိုချဉ်ခဲဖွယ်များ လောင်းလှူကုသိုလ်ပြုလျက်ရှိကြသည်။

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ နံ့သာသွေးလှူဒါန်းခြင်းများအပြင် ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့အပြင် ယနေ့နံနက် ၈ နာရီတွင် မဟာမုနိပရိဝုဏ်အတွင်း အဂ္ဂိထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးနှင့် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားနှင့် ဘုရားအာရုံခံတန်ဆောင်းတော်အတွင်း ဗုဒ္ဓဆင်းတုတော်များ၊ ခြေတော်ရာဘုရားလေးဆူ၊ စောင်းတန်းကြီးလေးသွယ်အတွင်း တည်ထားကိုးကွယ်တော်မူသော ဗုဒ္ဓဆင်းတုတော်များနှင့် ရဟန္တာရုပ်ပွားတော်များအား နန်းရှေ့ခင်မကန်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသုဇန အရှင်သူမြတ်အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၁၅ ပါးတို့ ကြွရောက်တော်မူ၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဖူးလာသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခြင်းနှင့် ညနေပိုင်းတွင် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်းသူများအား စတုဒိသာ၊ မုန့်၊ အအေးတို့ဖြင့် ကျွေးမွေးကုသိုလ်ပြုကြသည်။

ထို့အပြင် ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ဦးပွားဆုတောင်းပြည့်စေတီတော်၊ ရွှေကျီးမြင်ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ ဝါခင်းကုန်းဘုရား၊ ချမ်းသာရဆုတောင်းပြည့်ဘုရား၊ ရွှေကြက်ယက် ရွှေကြက်ကျဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ မန္တလေးမြို့ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင်တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်တို့တွင် ညောင်ရေသွန်းလောင်းပွဲကို ဆင်နွှဲကြရာ ကြက်ပျံမကျစည်ကားလျက်ရှိပြီး ဘုရားဖူးလာ ညောင်ရေသွန်းလောင်းကြသူများအား စေတနာရှင်အလှူရှင်များကလည်း အအေးမျိုးစုံ၊ ကြာဆံဟင်း၊ မုန့်လုံးရေပေါ်စသည်တို့ဖြင့် စတုဒိသာကျွေးမွေးကုသိုလ်ပြုကြသည်။

အလားတူ မန္တလေးတောင်ဂေါပကအဖွဲ့မှကြီးမှူး၍ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သည့် မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်အား ပဉ္စမအကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ကျင်းပခဲ့ရာ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်၍ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် (မန္တလေး) ပရိဝုဏ်အတွင်းရှိ ၂၀၁၁ ခုနှစ်က စိုက်ပျိုးထားသည့် သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသော မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် အထူးစည်ကားကြောင်း တွေ့ရှိရသည်။ မန္တလေးမြို့အနှံ့ နံနက်အရုဏ်တက်ချိန်မှစ၍ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိရာ ဘာသာရေး၊သာသနာရေး၊လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်ပြည်သူများကလည်း စတုဒိသာတို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း တွေ့ရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

မဟာသကျသီဟဘုရားတွင် ညောင်ရေသွန်းလောင်းရန် ရပ်ကွက်အသီးသီးမှ စီတန်းလှည့်လည်လာကြစဉ်။



### ❁ ဗိုလ်တထောင်မှ

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ရတနာနဝရတ် စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေသားရွှေထီးတော်တို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးသိန်းဇော်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် ကထိက ဒေါ်ခိုင်ဇင်ရွှေတို့က ဓမ္မတေးများဖြင့် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက ရတနာ နဝရတ် စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေသား ရွှေထီးတော် ဘုံအဆင့်များ၊ ဆည်းလည်းတော်များ၊ ဆပ်သွားဖူးတော်၊ ဇွန်းဘုံတော်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ သတ်မှတ်နေရာသို့ ပို့ဆောင်ပေးကြပြီး မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ဖူးမြော် ကြည်ညိုကြသည်။

**သတင်းစဉ်**



ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ရတနာနဝရတ်စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေသားရွှေထီးတော်တို့ကို အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာရထားပျံဖြင့် သတ်မှတ်နေရာသို့ တင်လှူပူဇော်ကြစဉ်။



နေပြည်တော် ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့ ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။

# လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၂၉**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ ယနေ့တွင် ကျရောက်သော ညောင်ရေသွန်းပွဲတော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်တိုက်ရှေ့ လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးကို ပန်း၊ ဆီမီးနှင့် သောက်တော်ရေချမ်းတို့ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသည် လောကချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်များကို သတ်မှတ်ထားသည့်နေရာများမှ ညောင်ရေသွန်းလောင်းပူဇော်ကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးတို့၌ နေပြည်တော်ဝန်းကျင်နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်



နေပြည်တော် သတ္တသတ္တာဟစေတီတော်ရှိ အဇပါလသတ္တာဟ အဇပါလညောင်ပင်၌ နေပြည်တော်နေ ဝန်ထမ်းများ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြစဉ်။ ဓာတ်ပုံ-ဇေယျာ

**နေပြည်တော် မေ ၂၉**

နေပြည်တော်ရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးနှင့် သံဝေဇနိယ လေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီဌာနများရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးတို့၌ ယနေ့နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကိုကျင်းပရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်၍ ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး ကုသိုလ်ယူဒါနပြုကြသည်။

မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် တတိယအကြိမ် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲနှင့် ရွှေသုဝဏ်ဆရာတော်ကြီးအား အမှူးထား၍ MORE C N C ကုမ္ပဏီမိသားစုမှ ဉာဏ်တော် ၁၁ လက်မရှိ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ပုံတူ ဆင်းတုတော် အဆူ ၁၅၀ မဲဖောက်လှူဒါန်းခြင်း အခမ်းအနားများကို ကျင်းပသည်။

မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးတွင် နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၊ ညောင်ရေသွန်းလောင်းကြသူများ၊ တရားဘာဝနာ စီးဖြန်းကြသူများ၊ ကုသိုလ်ယူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ သံဝေဇနိယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီဌာနများရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဒုတိယအကြိမ် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲများကို ကျင်းပသည်။

ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း အခမ်းအနားတွင် ဧည့်ပရိသတ်များက တပ်ကုန်းမြို့ မြို့လယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ယင်းနောက် သံဝေဇနိယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီဌာနများရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၌ ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကိုကျင်းပရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်မှ မြို့နယ်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ညောင်ရေသွန်းလောင်းကြသူများ၊ တရားဘာဝနာ စီးဖြန်းကြသူများ၊ ကုသိုလ်ယူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်**

# ထိန်ပင်အမှိုက်ပုံမီး နောက်သုံးရက်အကြာတွင် အပြီးသတ်ငြိမ်းသွားရန် ဇုန်လေးဇုန် သတ်မှတ်ဆောင်ရွက်နေ



**ရန်ကုန် မေ ၂၉**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ယနေ့မှစတင်၍ ဇုန်လေးဇုန် သတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် အပိုင်းလိုက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရှိပြီး နောက်ထပ် သုံးရက်အကြာတွင် မီးငြိမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက "လက်ရှိမြေပြင်အခြေအနေကိုကြည့်ပြီးတော့ မဟာဗျူဟာအသစ်ကို ပြောင်းလဲရေးဆွဲခဲ့ပါတယ်၊ မီးလောင်ပြင်ကို ဇုန်လေးဇုန် သတ်မှတ်ပြီး အပိုင်းအလိုက် ငြိမ်းသတ်နေပါတယ်၊ ဒီကနေ့ဆိုရင် ဇုန်(A)ကို ငြိမ်းသတ်နေတာပါ၊ ညနေ ၆ နာရီခွဲရင်တော့ သတ်မှတ်အချိန်ပြည့်ပြီ၊ လက်စသတ်ပါမယ်၊ ဒီကနေ့ရဲ့ ရည်မှန်းချက်က ပြည့်လည်းပြည့်တယ်၊ အောင်လည်း အောင်မြင်ပါတယ်၊ ဇုန်တစ်ဇုန်ကို တစ်ရက်နှုန်းနဲ့ အပြီးပြတ် ငြိမ်းသတ်သွားမှာပါ၊ နောက်ထပ်သုံးရက်ဆိုရင် အားလုံးငြိမ်းပါပြီ၊ လက်ရှိငြိမ်းသတ်တဲ့ အခါမှာတော့ Bio Foam ဆေးရည်ကိုနည်းနည်းပဲ သုံးပါတယ်၊ ရေများများနဲ့ ငြိမ်းသတ်နေတာပါ၊ အဆုံးသတ်အပိုင်းတွေကိုတော့ Bio Foam ဆေးရည်နဲ့ ငြိမ်းပါတယ်" ဟု ပြောသည်။

မီးငြိမ်းသတ်နေမှုအပေါ် ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက "လက်ရှိအခြေနေကတော့ အပြီးသတ် ငြိမ်းသတ်နေတာပါ၊ ကျွန်တော့အနေနဲ့ကတော့ အပိုင်း သတ်မှတ်ဇုန်(၃)ကို တာဝန်ယူ ငြိမ်းသတ်နေပါတယ်၊ ငြိမ်းပြီးသားနေရာတွေကို နောက်ထပ်ငြိမ်းစရာ မလို အောင် ဆောင်ရွက်နေပါတယ်၊ အရင်နေ့တွေလောက် မီးခိုးမထွက်တော့ပါဘူး၊ အမှိုက်ပုံကကြီးတော့ လောင်တဲ့ အပေါ်မှာ တတ်နိုင်သလောက် ထိန်းသိမ်းပြီးငြိမ်းသတ် ခဲ့တယ်၊ လက်ရှိမှာလည်း သတ်မှတ်ထားတဲ့အတိုင်း အပိုင်းလိုက် ငြိမ်းသတ်နေပါတယ်"ဟု ပြောသည်။

ထိန်ပင် အမှိုက်ပုံမီးလောင်မှုသည် မေ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိပြီး မေ ၂၇ ရက် နံနက် ၉ နာရီခန့်မှ စတင်ကာ အပြီးသတ် မီးငြိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြု၍ ငြိမ်းသတ်လျက်ရှိသည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "မနေ့က မနက်အထိကတော့ အကုန်လုံးစုပေါင်းပြီးလုပ်ဆောင်ကြတာပါ၊ မနေ့က ညနေပိုင်းမှာတော့ မီးသတ်ကို တာဝန်ခံအနေနဲ့ အပ်လိုက်ပါတယ်၊ ကျန်တဲ့အဖွဲ့အစည်းတွေကတော့ သူတို့ကို လိုအပ်တဲ့ လူအင်အားနဲ့ ပစ္စည်းအင်အားတွေ ဖြည့်ဆည်းပေးပါတယ်၊ အခုဆိုရင် မီးသတ်တပ်ဖွဲ့အနေနဲ့ ဇုန်လေးဇုန်သတ်မှတ်ပြီး ငြိမ်းသတ်နေပါပြီ၊ လက်ရှိအခြေအနေအရ ထိရောက်အောင်မြင်မှုရှိပါတယ်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က ဆွဲတဲ့ မဟာဗျူဟာကို အာဆီယံက အဖွဲ့ရယ်၊ ထိုင်းကလာရောက်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေကလည်း သဘောတူလက်ခံပါတယ်၊ အခုလည်း လေထုတိုင်းတဲ့အခါမှာ အရင်နေ့တွေနဲ့ မတူတော့ပါဘူး၊ တော်တော်အခြေအနေကောင်းလာပါပြီ"ဟု ပြောကြားသည်။

အပြီးသတ် မီးငြိမ်းသတ်မှု ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီနှင့် အကြံပြုချက်များဖြင့်လည်း ရယူဆောင်ရွက်လျက်ရှိသည်။

ထို့သို့ဆောင်ရွက်မှုအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် မီးလောင်မှုအနီးရှိ ကွပ်ကဲရေးရုံး၌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ဘက်ဆိုင်ရာ အရာရှိ Mr. SUTTIPOL SUCHART နှင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ အာဆီယံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက အပြီးသတ် မီးငြိမ်းသတ်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့နှင့် အာဆီယံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့သည် မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများနှင့် ပတ်သက်၍ မီးလောင်ပြင်အနီး လေ့လာမှုများ ပြုလုပ်ခြင်းနှင့် လေထုတိုင်းတာခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အမှိုက်ပုံမီးလောင်မှုများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမှုမရှိသော်လည်း ယခုမီးလောင်မှုသည် ၂၀၁၄ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ဖြစ်ပွားခဲ့သော အမှိုက်ပုံမီးလောင်မှုနှင့် အနည်းငယ်ဆင်တူကြောင်း၊ ဆွေးနွေးအကြံပြုချက်များအရ ယခုလောင်ကျွမ်းနေသည့် မီးလောင်မှုအား ငြိမ်းသတ်ရာတွင် မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်နေသည့် နည်းစနစ်သည်သာ အသင့်တော်ဆုံးဖြစ်ကြောင်း သိရသည်။

ယခုအခါမီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ အပိုင်းအလိုက် (A,B,C,D) ဇုန်များ သတ်မှတ်ကာ ငြိမ်းသတ်လျက်ရှိရာ အောင်မြင်ထိရောက်မှုရှိကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းကျေးရွာမှ ဒေါ်ခင်သိန်းက "အမှိုက်ပုံမီးလောင်တာ မငြိမ်းသေးဘူးလို့တော့ ပြောတယ်၊ မီးခိုးမွှန်တဲ့ အနံ့မျိုးမရတော့ပါဘူး၊ ပြီးခဲ့တဲ့ ရက်ပိုင်းကတော့ မီးလောင်တဲ့ ညှော်နံ့တွေ တော်တော်ခံစားလိုက်ရပါတယ်၊ အဲဒီတုန်းက တချို့ အသက်ရှူကျပ်လို့ ဆေးရုံတက်လိုက်ရသေးတယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေလည်း ကြိုးစားပြီး ငြိမ်းနေတယ်လို့ သိရတယ်၊ မြန်မြန်ငြိမ်းစေချင်ပါတယ်၊ သူတို့လည်း တော်တော်ပင်ပန်းနေပါပြီ"ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

ရှင်သန်ရေး လူမှုကူညီစောင့်ရှောက်ရေးအသင်း အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေသူ သူနာပြုဆရာမ ဒေါ်သစ်သစ်လွင်က "အလှူရှင်တွေ စုပေါင်းလှူဒါန်းထားတဲ့ ဆေးတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာပါ၊ ပထမရက်တွေမှာတော့ မီးသတ်တပ်ဖွဲ့တွေအပြင် လာရောက်ဝိုင်းဝန်းငြိမ်းသတ်ပေးတဲ့ တပ်မတော်သားတွေနဲ့ ပါဝင်ဆောင်ရွက်နေသူအားလုံးကို မေးခိုင်ကာကွယ်ဆေးတွေ ကြိုတင်ထိုးပေးခဲ့ပါတယ်၊ မီးငြိမ်းသတ်တဲ့နေရာမှာ ထိခိုက်ရှနာတွေဖြစ်နိုင်တဲ့အတွက် အခုလို ကြိုတင်ဆောင်ရွက်ပေးထားတာပါ၊ လက်ရှိအခြေအနေမှာတော့ ထိခိုက်ရှနာ၊ သွေးပေါင်ကျတာနဲ့ မီးခိုးကြောင့် အသက်ရှူမဝဖြစ်တဲ့သူတွေကို အများဆုံး ကုသမှုပေးနေရတာပါ၊ တချို့အဖွဲ့တွေကတော့ မီးလောင်ပြင်အတွင်းထဲအထိ ကားတွေနဲ့ ဆေးလိုက်ထိုးပေးတာမျိုးလည်း လုပ်ပေးနေကြပါတယ်၊ ကျွန်မတို့အဖွဲ့အနေနဲ့ကတော့ သုံးရက်တာကာလအတွင်းမှာ ထိခိုက်ရှနာနဲ့ အသက်ရှူမဝတဲ့ လူနာ ၂၅၀ ကျော်ကို ကုသပေးခဲ့ပြီးဖြစ်ပါတယ်၊ ဒီနေ့မနက်ကတော့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်ကျိုးသွားလို့ ဆေးရုံကို ပို့ပေးခဲ့ပါတယ်" ဟု ပြောသည်။

အလားတူ အရပ်ဘက်လူမှု အဖွဲ့အစည်းများအနေဖြင့် မီးငြိမ်းသတ်နေသည့် နေရာများအနီးအထိ လူနာတင်ယာဉ်များဖြင့် သွားရောက်ကာ မီးငြိမ်းသတ်နေသူများအား အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်းသိရသည်။

မီးလောင်မှုမှ မီးခိုးများထွက်ရှိမှုကြောင့် လာရောက်ဆေးဝါးကုသမှုခံယူသူများနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ သီတာစိုးက "ဒီကနေ့ ညနေပိုင်းအထိ ၂၄ ဦးရှိပါတယ်၊ အဲဒီထဲက လေးဦးကတော့ ဒီနေ့မှ ရောက်လာတာပါ၊ မီးခိုးမွှန်နဲ့ သုံးဦးရောက်လာတယ်၊ သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးပါပါတယ်၊ နောက်တစ်ဦးကတော့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်မှာဒဏ်ရာရတာပါ၊ အားလုံး အခြေအနေကောင်းပါတယ်၊ မစိုးရိမ်ရပါဘူး၊ ပြင်ပလူနာအနေနဲ့ကတော့ မနေ့ကအထိ ၂၉ ဦးရှိပါတယ်၊ ဒီကနေ့မှာတော့ နောက်ထပ်သုံးဦး လာရောက်ပြသခဲ့ပါတယ်၊ ကျွန်မတို့အနေနဲ့လည်း လိုအပ်တဲ့ဆေးဝါးကုသမှုမျိုး ပြုလုပ်ပေးနိုင်ဖို့ အားလုံး ကြိုတင်စီစဉ်ထားပါတယ်"ဟု ပြောသည်။

ယခုအခါ အဆိုပါမီးလောင်မှုကို အပြီးသတ် ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်လျက်ရှိပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြုငြိမ်းသတ်လျက်သည်။ ထိုသို့ငြိမ်းသတ်ရာတွင် မီးငြိမ်းသတ်မှုအင်အား ၉၀၀ ကျော်တို့၏ အလှည့်ကျဆောင်ရွက်မှုနှင့်အတူ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း အစီး ၃၈၀၊ ရေတင်စက်အလုံး ၄၀၊ ဘက်ဟိုးယာဉ် ကိုးစီးတို့ဖြင့် တစ်ရက်လျှင် ရေဂါလန်တစ်သန်းခန့်ကို အသုံးပြုကာ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ထားရှိမှုအခြေအနေ




**နေပြည်တော် ဧပြီ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမှိုက်ပုံ မီးစတင်လောင်ကျွမ်းသည်မှ မီးခိုးမွန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဧပြီ ၂၈ ရက်အထိ တက်ရောက်၍ ဆေးဝါးကုသမှုခံယူသူ ၂၇ ဦးနှင့် ဧပြီ ၂၉ ရက်တွင် ခြောက်ဦး စုစုပေါင်း ၃၃ ဦးနှင့် ဧပြီ ၂၈ ရက်အထိ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူသူ ၂၇ ဦးနှင့် ဧပြီ ၂၉ ရက်တွင် နှစ်ဦး စုစုပေါင်း ၂၉ ဦးရှိသည်။

လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူသောလူနာများ၏ သွေးတွင်းရှိ Carboxyhaemoglobin ပမာဏကို စစ်ဆေးလျက်ရှိရာ ဧပြီ ၂၅ ရက်နောက်ပိုင်း ကုသမှုခံယူခဲ့သော လူနာများတွင် ပုံမှန်ပမာဏအတွင်းသာရှိကြောင်းတွေ့ရသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူသူများမှ ရောဂါသက်သာကောင်းမွန်သဖြင့် ဧပြီ ၂၈ ရက်အထိ စုစုပေါင်း လူနာ ၁၂ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့သည့် လူနာတစ်ဦးနှင့် ကျန်ရှိသော အတွင်းလူနာ ၂၀ တို့၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိသည်။

ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးချုပ်နှင့် လှိုင်သာယာပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ကွင်းဆင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် မီးလောင်ပြင်နှင့် မီးလောင်ပြင်အနီးတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်လျက် အလှူရှင်များက လာရောက်လှူဒါန်းသော အသက်ရှူကိရိယာ ၅၀ ကို ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ ကိုယ်စား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကွင်းပြင်အနီးရှိ ယာယီဆေးခန်းနှင့် စည်ပင်သာယာကွပ်ကဲမှုရုံးရှိ ယာယီဆေးခန်းတို့သို့ သွားရောက်၍ ကြီးကြပ်ပံ့ပိုးမှုများဆောင်ရွက်ခဲ့သည်။

လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲသည် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဧပြီ ၂၈ ရက်တွင် ရေအုတ်ကန်ကျေးရွာနှင့် ဧပြီ ၂၉ ရက်တွင် လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်တို့၌ ဆက်လက်တိုင်းတာဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မီးခိုးမွန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှု တပ်မတော်သားများ ကူညီဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်မှုအခြေအနေအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာ၌ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ရာတွင် ကူညီပေးလျက်ရှိပြီး ရေအလုံအလောက် ရရှိစေရေးအတွက် ရေစုပ်စက်များဖြင့်ရေတင်ခြင်း၊ တပ်မတော်ရေသယ်ယာဉ်များဖြင့် ရေသယ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရေးတွင် ထိုင်းနှင့် အာဆီယံမှ ကူညီဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုအား အပြီးသတ်ငြိမ်းသတ်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ပပညာရှင်များ၏အကူအညီနှင့် အကြံပြုချက်များဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားရာတွင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ ERAT ကလည်း ပါဝင်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ထိန်ပင်အမှိုက်ပုံမီးသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းမှ စတင်လောင်ကျွမ်းခဲ့ရာ မီးမှာ ရက်ရှည်လောင်ကျွမ်းခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြပြီး ဧပြီ ၂၇ ရက်တွင် Bio Foam အမြှုပ်ဆေးရည်ကို အသုံးပြု၍ ငြိမ်းသတ်ခဲ့ကြသည်။ ထိုသို့ ငြိမ်းသတ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏အကူအညီနှင့် အကြံပြုချက်များဖြင့် ထိုင်းနိုင်ငံ အရေးပေါ်နှင့်မီးသတ်ဌာနမှ အဆင့်မြင့်ပညာရှင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဧပြီ ၂၉ ရက်တွင် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့က လှိုင်သာယာ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းသည့်နေရာသို့ ရောက်ရှိပြီး အမှိုက်ပုံမီးငြိမ်းသတ်နေမှုနှင့်ပတ်သက်၍ နည်းစနစ်ပိုင်းဆိုင်ရာ အကြံပြုချက်များနှင့် အကူအညီများကို ပေးခဲ့ကြောင်းသိရသည်။ အမှိုက်ပုံမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများက အားသွန်ခွန်စိုက်ငြိမ်းသတ်ခဲ့သောကြောင့် တစ်ပတ်ကြာအချိန်တွင် မီးလောင်မှုကို ကောင်းစွာထိန်းထားနိုင်ခဲ့သော်လည်း အပြီးသတ်မီးငြိမ်းရေးအတွက် ပိုမိုထိရောက်မြန်ဆန်မှုရှိစေရန် ထိုင်းနိုင်ငံနှင့်အာဆီယံမှ အဖွဲ့အစည်းက လာရောက်ကူညီခဲ့ခြင်းဖြစ်သည်။

အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့်အကဲဖြတ်အဖွဲ့ ERAT အဖွဲ့တွင် စင်ကာပူနိုင်ငံမှ အများပြည်သူဆိုင်ရာ ကာကွယ်ရေးနှင့် မီးသတ်တပ်ဖွဲ့မှ ကျွမ်းကျင်သူ မီးသတ်တပ်ဖွဲ့ဝင်များအပြင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများလည်း ပါဝင်ကြောင်း သိရသည်။

**အေးမင်းသ**




## မီးဘေးရှောင် မလောင်ခင်တား

# လှည်းကူးမြို့နယ် ရိပ်သာတစ်ခုမှ ငွေကျပ် ၂၃ သိန်း ခိုးယူသွားသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၉**

လှည်းကူးမြို့နယ် မဟာစည်သာသနာ့ရိပ်သာတွင် ဧပြီ ၂၅ ရက် နံနက်ပိုင်းက ဓမ္မကထိက သင်တန်းတက်ရောက်နေသည့် သံဃာတော် ၁၁ ပါးထံမှ စုစုပေါင်း ငွေကျပ် ၂၃ သိန်းမှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ လှည်းကူးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

အဆိုပါအမှုအား ကျူးလွန်သူမှာ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်နေ ဌေးအောင်(ခ)ဖွဲ့ဟန် (၂၉)နှစ် ဖြစ်ကြောင်းနှင့် ၎င်းမှာ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တည်းခိုခန်းတစ်ခုသို့ ရောက်ရှိတည်းခိုနေကြောင်း သိရသဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဌေးအောင်(ခ)ဖွဲ့ဟန် (၂၉)နှစ်အား ခိုးယူခဲ့သည့် ငွေများအနက် ငွေကျပ် ၁၉ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဌေးအောင်(ခ)ဖွဲ့ဟန်အား မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခေါ်ဆောင်ခဲ့ပြီး အခြားပြစ်မှုများ ကျူးလွန်ခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ကြေးမုံ**

# မီးလောင်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများ

၁။ မီးလောင်လျှင် စိုးရိမ်စိတ် မကြီးပါနှင့်။

၂။ မီးသတ်ဦးစီးဌာနသို့ ဖုန်းဖြင့် ချက်ချင်းအကြောင်းကြားပါ။

၃။ အခန်းအတွင်းမှ ပြင်ပသို့ထွက်လျှင် အခန်းတံခါးနံရံနှင့် တံခါးလက်ကိုင်ကို အတွင်းမှ မိမိလက်ဖမိုးဖြင့် မီးအပူချိန် ရှိ၊ မရှိ စမ်းသပ်ပါ။ မီးအပူချိန်မရှိလျှင် ဖြည်းညင်းစွာဖွင့်၍ လှေကားမှတစ်ဆင့် အောက်သို့ဆင်းပါ၊ မီးလောင်စဉ် ဓာတ်လှေကားကို အသုံးမပြုရ၊ ခေါင်မိုးဘက်ဆီသို့ တက်မပြေးရ၊ မီးသည် အထက်ဘက်သို့ လောင်ကျွမ်းကြောင်း သတိပြုပါ။

၄။ အခန်းတံခါးနံရံသည် မီးအပူချိန်ရှိနေလျှင် တံခါးကိုမဖွင့်ရ၊ ပြင်ပမှ မီးခိုးများ အခန်းအတွင်းသို့ ဝင်ရောက်မှုမရှိစေရန် တံခါးအောက်ခြေနှင့် ကြမ်းပြင်ကြားကို စောင်များ၊ အဝတ်များဖြင့် ပိတ်ဆို့ပါ။ အခန်းပြတင်းပေါက်ကိုဖွင့်၍ ပြင်ပသို့ အကူအညီတောင်းပါ။ ကယ်ဆယ်သူများ အလွယ်တကူသိရှိစေရန် အရောင်ဖျော့သောအဝတ်(ဥပမာ-အဖြူရောင်)ဖြင့် အချက်ပြပါ။

၅။ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်သူများအလာကို စောင့်ပါ (သို့မဟုတ်) ယုံကြည်မှုရှိလျှင် အသင့်ဆောင်ထားသော နိုင်လွန်ကြိုးရှည်ကို အခန်းတစ်နေရာတွင် ခိုင်ခံ့အောင် ချည်နှောင်ပြီး ပြတင်းပေါက်မှတစ်ဆင့် ကြိုးအကူအညီဖြင့် အောက်ခြေမြေပြင်သို့ သတိထား၍ ဖြည်းညင်းစွာ ဆင်းသက်ပါ။

၆။ ထွက်ပေါက်နှင့် ပြေးလမ်းတွင် မီးတောက်များဖြင့် ပိတ်ဆို့မှု မရှိလျှင်၊ အခန်းအတွင်းသို့ မီးခိုးများလည်း ဝင်လာပြီဆိုလျှင် ခန္ဓာကိုယ်ကိုနှိမ့်၍လည်းကောင်း၊ ကြမ်းပြင်တွင် တွားသွား၍ လည်းကောင်း လှုပ်ရှားပြီး အခန်းအတွင်းမှ ပြင်ပသို့ အမြန်ထွက်ပါ (မြင့်သည့်အပိုင်းတွင် ဓာတ်ငွေ့များရှိပြီး ကြမ်းပြင်နှင့် နီးသောအပိုင်းတွင် အောက်ဆီဂျင်ရှိသည့် လေအလွှာရှိသော ကြောင့်ဖြစ်သည်)ဖြစ်နိုင်လျှင် ရေစွတ်ထားသော လက်ကိုင်ပဝါ၊ စွပ်ကျယ်တစ်ခုခုဖြင့် နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ကာ မီးခိုးများ အသက်ရှူလမ်းကြောင်းအတွင်း ဝင်ရောက်မှုကို ဟန့်တား၍ အခန်းအတွင်းမှ အမြန်ဆုံးထွက်ပါ။

၇။ ခန္ဓာကိုယ်ပေါ်ရှိ အင်္ကျီ၊ အဝတ်အစား မီးစွဲလောင်ပါက မပြေးပါနှင့်၊ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်သို့ လှဲချပြီး လိမ့်ပါ၊ အဝတ်၊ စောင်ထူရှိပါက မီးလောင်နေရာကို ရစ်ပတ်ပြီး မီးငြိမ်းပါ။

၈။ အခန်းပြင်ပ ဘေးလွတ်ရာသို့ ရောက်ရှိပြီးနောက် မေ့ကျန် ပစ္စည်းကို ပြန်ဝင်ယူရန် မကြိုးစားပါနှင့်(မီးလောင်ပါက အဖိုးတန် ပစ္စည်း၊ စာရွက်စာတမ်းကို မိမိနှင့်တစ်ပါတည်း ယူဆောင်နိုင်ရန် အစကတည်းက ကြိုတင်ပြင်ဆင်ထားရန်လိုမည်)။

၉။ ဖော်ပြပါ နည်းလမ်းအတိုင်း သက်ကြီးရွယ်အို၊ ကလေးနှင့် မသန်မစွမ်းသူများရှိပါက မီးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပါ။

# နေအိမ် မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ပြည် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ရွာဘဲနယ်မြေ သန္တေပင်ရပ်ကွက်တွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်က နေအိမ်မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးဆက် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့ ရွာဘဲနယ်မြေ သန္တေပင်ရပ်ကွက်နေ ဒေါ်မြင့်မြင့်သန်း၏ ပေ(၃၀×၃၀)သွပ်မိုး၊ ထရံကာ နေအိမ် မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ရာ ၎င်း၏နေအိမ်နှင့် အနီးနားရှိ ဒေါ်တင်ဦး၏ နေအိမ်သို့ ထပ်မံကူးစက် လောင်ကျွမ်းခဲ့ခြင်းကြောင့် နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။




အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်မြင့်မြင့်သန်းအား ပြည်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၆ စီး၊ သွင်းကုန် ၉၅၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၁၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၁၂၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ပန်ဖတ်ရွာအတွင်း၌ ရပ်တန့်ထားသော TOYOTA PROBOX မော်တော်ယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၂၃ တုံး (သုည ဒသမ ၇၁၆၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် မော်တော်ယာဉ်တစ်စီး ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကမ်းပါးယံကို တိုက်မိတိမ်းမှောက်ရာ လူရှစ်ဦးဒဏ်ရာရ

**မိတ္ထီလာ ဧပြီ ၂၉**

မိတ္ထီလာမြို့နယ် သီးကုန်းရဲစခန်းအပိုင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဧပြီ ၂၈ ရက် ည ၇ နာရီ ၁၅ မိနစ်က HIJET မော်တော်ယာဉ်တစ်စီး ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကမ်းပါးယံကို တိုက်မိတိမ်းမှောက်ရာ လူရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၀၅/၆) နှင့် (၃၀၅/၇)အကြား၌ မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း အောင်မြတ်မိုး(၃၅)နှစ် စိတ္တသရမဟီရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူ မောင်းနှင်လာသော 6G/---- HIJET မော်တော် ယာဉ်မှာ ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ကမ်းပါးယံကို တိုက်မိ၍ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြသည်။



အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်မြတ်မိုးအား သီးကုန်းအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ) ၁၇/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လင်မယားချင်းစကားများရာ ခင်ပွန်းဖြစ်သူက ဓားဖြင့်ထိုး၍ ဇနီးဖြစ်သူ သေဆုံး

**နေပြည်တော် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥပ္ပံ့စုရပ်ကွက်နေ ဦးဝင်းရွှေ(၅၈)နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်တင်တင်အေး(၄၈)နှစ်တို့သည် ဧပြီ ၂၈ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က လင်မယားချင်းစကားများရန်ဖြစ်စဉ် ဦးဝင်းရွှေက အရိုးအသွား ၁၀ လက်မခန့်ရှိ စတီးဓားဦးချွန်ဖြင့် ထိုးခဲ့သောကြောင့် ဒေါ်တင်တင်အေးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဦးဝင်းရွှေအား တိုက်ကြီးမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၃၀-၄-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန) |
| ၉း၀၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (မကွေးတိုင်းဒေသကြီး) |
| ၉း၄၀ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Messel Pit" (Germary) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ "စူးစမ်းလေ့လာတောင်သူများဆီမှာ"(နွယ်ရစ်ကျေးရွာ) |
| ၁၀း၄၅ | လုံမမှတ်စု (အပိုင်း-၃၄) |
| ၁၁း၁၀ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း "အဖြူရောင်နှလုံးသားများ" (ဝေဠုကျော်၊ နေမျိုးအောင်၊ ထွန်းကိုကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်၊ မေသဥ္ဇာဦး) (ဒါရိုက်တာ-တုနိုင်းခ) |
| ၁၅း၀၀ | Tasty Trip |
| ၁၅း၃၀ | "(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံတွေ့ဆုံဆွေးနွေးခန်း အစီအစဉ်" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၆း၄၅ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၄၂) |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၂၀ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၄၉) |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "နတ်မျက်စိ"(ဦးစံပေါ်၊ ကိုချစ်ဦး၊ ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်) [ဒါရိုက်တာ- ဝေဠု(ဝသန်)] |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန) - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ဆောက်လုပ်ရေးဝန်ကြီးဌာန) -နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၁) -မျက်မှောက်ရေးရာ သုံးသပ်စရာ -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၃) - အစီအစဉ်ပြီး၏။ |

# အစ္စကိုနှင့် ကာဗာဂျယ်တို့ ဘိုင်ယန်နှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်




ရီးယဲလ်ကွင်းလယ်လူ အစ္စကိုနှင့် နောက်ခံလူ ကာဗာဂျယ်တို့နှစ်ဦးမှာ ဒဏ်ရာပြဿနာများကြောင့် ဘိုင်ယန်နှင့်ကစားမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ(ဒုတိယအကျော့)ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကစားသမား နှစ်ဦးစလုံးမှာ ပထမအကျော့တွင် ပွဲထွက်ခွင့်ရရှိထားသူများဖြစ်ရာ ရီးယဲလ်အသင်းမှာ ဒုတိယအကျော့တွင် ပထမအကျော့က အသုံးပြုခဲ့သည့် ပွဲထွက်စာရင်းကို ပြောင်းလဲ အသုံးပြုရတော့မည်ဖြစ်သည်။

နည်းပြဇီဒန်းက အစ္စကိုကို လာလီဂါပွဲစဉ်များတွင် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုမှု နည်းပါးသော်လည်း ချန်ပီယံလိဂ်လိုပွဲမျိုးတွင် ပွဲထွက်ခွင့်ပေးလေ့ရှိသည်။ ယင်းကဲ့သို့ လူမစုံမှုက ချန်ပီယံလိဂ် သုံးကြိမ်ဆက် ရရှိရန် ကြိုးပမ်းမည့် ရီးယဲလ်အသင်းအတွက် အဓိက ထိုးနှက်ချက် ဖြစ်လာနိုင်သော်လည်း အစ္စကိုနေရာတွင် လီဂါနက်စ်နှင့် ပွဲစဉ်တွင် ခြေစွမ်းပြခဲ့သည့် ဂါရတ်ဘေးလ်ကို အသုံးပြုသွားဖွယ်ရှိသည်။

မာကာသတင်းဌာန၏ ဖော်ပြချက်အရ အစ္စကို၏ လက်မောင်းဒဏ်ရာကို ဓာတ်မှန်ရိုက် စစ်ဆေးရာတွင် ကြွက်သားစုတ်ပြဲသွားသည့်အတွက် အနည်းဆုံး သုံးပတ်ကြာ အနားယူရမည်ဖြစ်သလို ကာဗာဂျယ်မှာလည်း တံကောက်ကြောဒဏ်ရာကြောင့် မေလလယ်အထိ အနားယူရမည်ဖြစ်သဖြင့် နှစ်ဦးစလုံးမှာ ဘိုင်ယန်နှင့် ပွဲစဉ်ကို သေချာပေါက် လွဲချော်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ် အသင်းက အဓိက ကစားသမားနှစ်ဦး ပါဝင်နိုင်ရန် မသေချာသည့်အခြေအနေတွင် ဘိုင်ယန်နောက်ခံလူ ဘိုတန်မှာလည်း ရီးယဲလ်နှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး တောင်ပံတိုက်စစ်မှူး ရော်ဘင်၊ ဗီဒယ်လ်တို့၏ ကြွခိုင်မှုအနေအထားအပေါ် စောင့်ကြည့်နေရဆဲဖြစ်သည်။

မေလှဲ့သင်း

# အသင်းပြောင်းရွှေ့မည့် သတင်းများကို အဆုံးသတ်ရန် လီဗာပူးက ဆာလက်ကို လစာနှစ်ဆဖြင့် ကမ်းလှမ်း




လီဗာပူးအသင်းမှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး ဆာလက်ကို ဆက်ထိန်းဖို့အတွက် လက်ရှိပေးချေနေတဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၉၀၀၀၀ ကို နှစ်ဆတိုးပြီး ပေါင် ၁၈၅၀၀၀ လက်ကျန်စာချုပ်သက်တမ်း လေးနှစ်အပြင် စာချုပ်သက်တမ်းတိုးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဆာလက်ဟာ ယခုနှစ် ဘောလုံးရာသီမကုန်ဆုံးခင်မှာပဲသွင်း ဂိုး ၄၃ ဂိုးအထိ သွင်းယူထားနိုင်ပြီ ဖြစ်တာကြောင့် ယခုကမ်းလှမ်းချက်ဟာ ဆာလက်ကို လီဗာပူးက ပေးအပ်တဲ့ ဆုဖြစ်တယ်လို့ အင်္ဂလန်ဒေသတွင်း မီဒီယာများက ဖော်ပြပါတယ်။

ဆာလက် လက်ရှိရရှိနေတဲ့ လုပ်ခလစာ တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀ ဟာ အသင်းရဲ့ လစာအများဆုံး ကစားသမားတွေထဲမှာ ပါဝင်ပေမယ့် ဆွာရက်ဇ်၊ ကော်တင်ဟိုတို့လို အသင်းပြောင်းရွှေ့မှုမျိုးကြုံမှာ စိုးရိမ်တာကြောင့် ယခုလို လီဗာပူးဘက်က လျင်လျင်မြန်မြန် ဆောင်ရွက်လာတာ ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဆာလက်ကို ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ရိုးမားအသင်းကနေ ပေါင် ၃၄ ဒသမ ၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ထုတ်ရောင်းမယ်ဆိုရင် လေးဆလောက် ပြန်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ဆာလက်ရဲ့တန်ဖိုးဟာ ဒီထက်တောင် ပိုတက်လာနိုင်တယ်လို့ ခန့်မှန်းရပြီး ဆာလက်ကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ သတင်းတွေ တောက်လျှောက်ထွက်နေပါတယ်။

# ရီးယဲလ်မက်ဒရစ်အသင်းက လီဝန်ဒိုစကီးအား ခေါ်ယူရန် စိတ်မဝင်စားဟုဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးအား ခေါ်ယူရန်စိတ်ဝင်စားမှုမရှိဟု ဘိုင်ယန်မြူးနစ်အသင်းက ယုံကြည်ထားကြောင်း ဂျာမနီမြေမှလာသော သတင်းများအရ သိရသည်။



အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ဘိုင်ယန်မြူးနစ်အသင်းတွင် လေးနှစ်ကြာ ပါဝင်ကစားပေးခဲ့ပြီးနောက် လာလီဂါ၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၃၉ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ပိုလန်ကြယ်ပွင့် လီဝန်ဒိုစကီး၏ လေ့ကျင့်ရေးကွင်းတွင် ပြုမူခဲ့သည့် ဖြစ်ရပ်ကို မေးခွန်းထုတ်ခဲ့ပြီး နည်းပြဂျက်ဟေးနက်စ်ကလည်း အဆိုပါကစားသမား၏ အပြောင်းအရွှေ့သတင်းနှင့် ပတ်သက်ပြီး ငြင်းဆိုထားကြောင်းလည်း သိရသည်။ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ချန်ပီယံလိဂ်ပွဲစဉ် ၁၀ ပွဲတွင် သွင်းဂိုးငါးဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက လီဝန်ဒိုစကီးကို ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင်မူ လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလက်ကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး မိုဟာမက်ဆာလက်ကို ခေါ်ယူနိုင်ရေးအတွက် လူကက်ဗက်စကွက်ကိုပါ အလိုက်ပေးခေါ်ယူမည် ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# ဘောလုံးလောက သတင်းတိုများ

**ဂါရတ်ဘေးလ် ရီးယဲလ်မက်ဒရစ်တွင် ဆက်ရှိမည်**

ရီးယဲလ်မက်ဒရစ်အသင်းမှ ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် လာမည့်ဘောလုံးရာသီတွင်လည်း ဘာနေဗျူးတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်ဟု သတင်းများထွက်ပေါ်နေသူ ဖြစ်သည့်အပြင် ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းအပါအဝင် ပရီမီယာလိဂ်ကလပ်အသင်းများ ဖြစ်ကြသည့် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**စတီဗင်ဂျာရတ် ရိန်းဂျားအသင်းနည်းပြဖြစ်လာရန်ရှိနေ**

ရိန်းဂျားအသင်းသည် စတီဗင်ဂျာရတ်အား အသင်းနည်းပြအဖြစ်ခန့်အပ်ရန် ယခုသီတင်းပတ်ထဲတွင် ကမ်းလှမ်းလာခဲ့ကြောင်း သိရသည်။ ထို့ကြောင့် လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်သည် ရိန်းဂျားအသင်းနည်းပြ ဂရေမီမာတီ၏ နေရာတွင် အစားထိုးကာ ပထမအသင်းနည်းပြဖြစ်လာရန်ရှိနေပြီး စတီဗင်ဂျာရတ်အနေဖြင့် ရိန်းဂျားအသင်းနည်းပြဖြစ်လာခဲ့မည်ဆိုပါက လီဗာပူး အသက် ၁၈ နှစ်အောက် အသင်းနည်းပြ ဂယ်ရီမက်အဲလစ်စတာကို လက်ထောက်နည်းပြအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဗင်ဆန်ဇိုမွန်တဲလားအား နည်းပြအဖြစ်မှ ဆီဗီလာထုတ်ပယ်**

ဆီဗီလာအသင်းသည် နည်းပြဗင်ဆန်ဇိုမွန်တဲလာအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်းမေပြီ ၂၈ ရက်က အတည်ပြု ထုတ်ပြန်ခဲ့ပြီး ဂျိုအာကွင် ကာပါရို့စ်အား ယခုနှစ်ဘောလုံးရာသီ၏ ကျန်ရှိသည့်ပွဲစဉ်များအတွက် နည်းပြချုပ်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ မတ် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ဆီဗီလာအသင်းမှာ ပြိုင်ပွဲအရပ်ရပ်တွင် ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းကြောင့် နည်းပြမွန်တဲလာအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




# မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်း အင်ဒိုနီးရှားသို့ ထွက်ခွာ

**ရန်ကုန် မေပြီ ၂၉**

မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ ယူ- ၁၆ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ အမျိုးသမီးဘောလုံးကော်မတီအတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါက်တာ အောင်ကျော်ဦး၊ နည်းပြချုပ်- ဒေါ်စန်းစန်းသိန်း၊ နည်းစနစ်အကြံပေး- ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ- ဒေါ်နွယ်နွယ်တိုး၊ ဂိုးနည်းပြ- ဒေါ်မေခင်ယမင်း၊ ဂိုး- ပိုးဥ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ နောက်တန်း- မေသက်မွန်မြင့်၊ ပိုးပိုးဇင်ဇော်၊ မိုးစက်ခ၊ ဝင်းဝင်းလဲ့၊ နော်လာအိဝါ၊ ခိုင်သဇင်ဦး၊ အလယ်တန်း- ပွင့်ပွင့်ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ဖြူဖြူဝင်း၊ မေသွေးကို၊ မေသူခိုင်၊ ကေကေ၊ ဝင်းဝင်း၊ ဆောင်းနှင်းဖွေး၊ ရှေ့တန်း- မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ဂျူလိုင်ချာ၊ ထက်ထက်ဝင်းတို့ လိုက်ပါသွားသည်။ မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ- ၁၆ အမျိုးသမီးပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု(ခ)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ- ၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁ ရက်တွင် ဗီယက်နမ်၊ မေ ၅ ရက်တွင် မလေးရှား၊ မေ ၇ ရက်တွင် စင်ကာပူ၊ မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ မေ ၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို မေ ၁၁ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း- ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- MFF**

# နိုင်ငံ့ဝန်ထမ်းတိုးမြှင့်သတ်မှတ်ပေးသည့် လစာနှုန်းထားများကို ၂၀၁၈ ခုနှစ် မေလမှ စတင်ကာ ခံစားခွင့်ရှိမည်

**နေပြည်တော် မေ ၂၉**

နိုင်ငံ့ဝန်ထမ်း လစာနှုန်းထားများကို တိုးမြှင့်သတ်မှတ်ပေးရန် ၂၀၁၈ ခုနှစ် မေ ၂၅ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၈)၌ အတည်ပြုဆုံးဖြတ်ခဲ့ပြီး တိုးမြှင့်သတ်မှတ်ပေးသည့် လစာနှုန်းထားများကို ၂၀၁၈ ခုနှစ် မေလမှစတင်ကာ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း ယနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၁၈ ဖြင့် ထုတ်ပြန်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်အလေးထား ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ကြောင်း အဆိုပါအမိန့်ကြော်ငြာစာတွင် ပါရှိသည်။

လက်ရှိလစာနှုန်းမှ တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲသွားသည့်အခါ နှစ်တိုးများကို လက်ရှိလစာနှုန်းအရ နှစ်တိုးကာလများအတိုင်း ဆက်လက်ခံစားခွင့်ပြုမည်ဖြစ်ပြီး တိုးမြှင့်လစာနှုန်းသို့ ပြောင်းလဲမှုကြောင့် နှစ်တိုးကျရောက်သည့်နေ့များ ပြောင်းလဲသွားခြင်းမရှိကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ၊ ဌာနအဖွဲ့အစည်းများတွင် ခန့်ထားသည့် ဝန်ထမ်းများ၏ ပုံသေလစာ၊ နေ့စားလုပ်ခ၊ ကျွမ်းကျင်သူများ၏ လစဉ်ထောက်ပံ့ငွေ၊ ပညာရှင်များ၏ ချီးမြှင့်ငွေများ တိုးမြှင့်သတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ သုံးသပ်တွက်ချက်ကာ သီးခြားထုတ်ပြန်သွားမည်ဖြစ်ပြီး ဒေသစရိတ်ခံစားခွင့်နှင့်ပတ်သက်၍လည်း တိုးမြှင့်သည့် လစာနှုန်းထားနှင့်အညီ ခံစားခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများနှင့် ခွင့်ပြုပေးနိုင်မည့် အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးကောင်စီသို့ တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ထမ်းများနှင့် အခြားအလားတူ ဝန်ထမ်းများသည် ပြည်ပတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ရှိခံစားနေသော လစာနှုန်းများအတိုင်းသာ နိုင်ငံခြားသုံးငွေဖြင့် ထုတ်ယူခံစားရန်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ရသည့်အခါ ရာထူးအဆင့်နှင့်လျော်ညီစွာ သတ်မှတ်ထားသော လစာနှုန်းသစ်ကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

| အမှတ်စဉ် | လက်ရှိလစာနှုန်းထား | အမှတ်စဉ် | တိုးမြှင့်လစာနှုန်းထား |
|---|---|---|---|
| ၁ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ |
| ၂ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| ၃ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၃ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| ၄ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ |
| ၅ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၅ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ |
| ၆ | ၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀ | ၆ | ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀ |
| ၇ | ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ | ၇ | ၂၅၂၀၀၀-၂၀၀၀-၂၆၂၀၀၀ |
| ၈ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၈ | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ |
| ၉ | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၉ | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ |
| ၁၀ | ၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀ | ၁၀ | ၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀ |
| ၁၁ | ၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀ | ၁၁ | ၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀ |
| ၁၂ | ၃၈၀၀၀၀-၄၀၀၀-၄၀၀၀၀၀ | ၁၂ | ၄၁၈၀၀၀-၄၀၀၀-၄၃၈၀၀၀ |
| ၁၃ | ၅၀၀၀၀၀ | ၁၃ | ၅၅၀၀၀၀ |

အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ ခွင့်ပြုထားသော ရာထူးများ၌ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို အထက်ပါအတိုင်း တိုးမြှင့်သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာများသို့ ကွင်းဆင်း၍ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် မေ ၂၉**

၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day) အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး၌ မေ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က World Veterinary Day နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက World Veterinary Day ကျင်းပရခြင်း အကြောင်းအရာများကို လည်းကောင်း၊ နေပြည်တော် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသန်းလင်းက မွေးမြူရေးလုပ်ငန်းအပေါ် အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်းကို လည်းကောင်း၊ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာနှင်းယုဝေက ကမ္ဘာ့တိရစ္ဆာန် ဆေးကုနေ့ အထိမ်းအမှတ်နှင့်ပတ်သက်၍ ဟောပြောကာ တာဝန်ရှိသူများက အိမ်မွေးခွေးများကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။




ဆက်လက်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ် ဦးကျေးရွာသို့လည်းကောင်း၊ လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာသို့ လည်းကောင်း၊ ဇေယျာသီရိမြို့နယ် အတွင်းရှိ လေသာကျေးရွာသို့လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် သန့်ဇင်လှကျေးရွာသို့ လည်းကောင်း ကွင်းဆင်းကာ ကျွဲ၊ နွား တိရစ္ဆာန်များကို ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကုသခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းအောင်-၁၀၇**

# ၂၀၁၈ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မေ ၂၉**

၂၀၁၈ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို မေ ၂၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အင်းလျားကန်ရှိ ရန်ကုန်ရွက်လှေအသင်းမြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက (Laser Radial Class) ပြိုင်ပွဲတွင် ပထမဆုရ သန့်စင်ထက်၊ ဒုတိယဆုရ နန္ဒထူးနှင့် တတိယဆုရ စန္ဒီထင်ကျော်သန်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။



ဆက်လက်၍ တပ်မတော်(ရေ) ရေတပ်လေ့ကျင့်ရေး ဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်က (Sharpie B Class)ပြိုင်ပွဲတွင် ပထမဆုရ မင်းသီဟအောင် (Helm)နှင့် ဝေဖြိုးဇော်(Crew)၊ ဒုတိယဆုရ မင်းသော်ကောင်း (Helm)နှင့် ခွန်အောင်သိန်းဦး (Crew)၊ တတိယဆုရ လင်းဝေယံပြည့်(Helm)နှင့် သန့်စင်ထက် (Crew)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရန်ကုန်ရွက်လှေအသင်း ဥက္ကဋ္ဌ ဦးမျိုးတင်က (Sharpie A Class) ပြိုင်ပွဲတွင် ပထမဆုရ ဦးစည်သူမိုးမြင့် (Helm)နှင့် မင်းသီဟအောင် (Crew)၊ ဒုတိယဆုရ ဦးအောင်မြင်သူ (Helm)နှင့် ဦးဇော်ဝမ်း(Crew)၊ တတိယဆုရ ဦးလှစိုး (Helm)နှင့် ဦးရန်အောင်ကျော် (Crew)တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီးနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က (Rater Class) ပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်မြင်သူ (Helm)နှင့် ဦးတင်လှ(Crew)၊ ဒုတိယဆုရ ဦးမင်းမင်း(Helm)နှင့် ထွန်းထွန်းကျော်(Crew)၊ တတိယဆုရ ဦးမျိုးတင်(Helm)နှင့် ဦးဇော်ဝမ်း (Crew)တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်များတူးဖော်

**ညောင်လေးပင် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး၊ မြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို မေ ၂၇ ရက်က ညောင်လေးပင်မြို့နယ် မြို့မ(၃)ရပ်ကွက် ဘူတာလမ်း၌ဆောင်ရွက်ကြသည်။

ဘူတာလမ်းမကြီးဘေးရှိ ရေနုတ်မြောင်းကို မိုးတွင်းကာလတွင် ရေမြောင်းများပိတ်ဆို့မှုမရှိဘဲ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြေတူးစက်ဖြင့် ရေမြောင်းတူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေးနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# လူထုစုပေါင်း စက်ဘီးသရုပ်ပြစီးနင်းခြင်း ပြုလုပ်

**ရန်ကုန် မေ ၂၉**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူများအသက်ရှည်ကျန်းမာရေး၊ ရောဂါဘယ ကင်းဝေးစေရေးနှင့် ပြည်သူလူထုအတွင်း စက်ဘီးစီး အားကစားကို စိတ်ပါဝင်စားလာစေပြီး ပါဝင်လှုပ်ရှားလာစေရေးတို့ကို ရည်ရွယ်၍ ယနေ့နံနက် ၆ နာရီက ရန်ကုန်မြို့ သန်လျင်မြို့နယ် သန်လျင်ဘက်ခြမ်း တံတားအဆင်းရှေ့၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဘက်ကတ်(စ်) ခွန်အားဖြည့်အချိုရည်နှင့် Hope For Ladies Foundation Myanmar တို့မှ တီရှပ်(စ်)အင်္ကျီများကို ပံ့ပိုးကူညီ ပူးပေါင်းကျင်းပသည့် လတစ်လ၏ နောက်ဆုံးပတ်တွင် ကျင်းပသော လူထုစုပေါင်းစက်ဘီးသရုပ်ပြ စီးနင်းပွဲ ပြုလုပ်ခဲ့သည်။ သရုပ်ပြစီးနင်းပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးနှင့် အတွင်းရေးမှူး ဦးကျော်မင်းသန်း၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက စက်ဘီးသရုပ်ပြ စီးနင်းခြင်းကို သေနတ်ပစ်ဖောက် တာလွှတ်ပေးကာ စက်ဘီးစီး အားကစားဝါသနာရှင် အင်အား ၅၀၀ ကျော်တို့က သန်လျင်ဘက်ခြမ်း တံတားအဆင်းရှေ့မှ စတင်တာထွက်ကာ ကျိုက်ခေါက်ဘုရားမှ သန်လျင်ဘက်ခြမ်း တံတားအဆင်းသို့ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**
**ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈ခုနှစ်၊ မေလမှစက်တင်ဘာလအထိ (၆)လအတွက် ကျပ်သိန်း(၁၀၀)အထက် ငွေလုံးငွေရင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ပါအတိုင်း အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁) တင်ဒါရောင်းချမည့်ရက် - ၇-၅-၂၀၁၈ ရက်
(၂) တင်ဒါပိတ်မည့်ရက် - ၂၁-၅-၂၀၁၈ ရက်
(၃) တင်ဒါရွေးချယ်မည့်ရက်/နေရာ - ၂၄-၅-၂၀၁၈ ရက်

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရွှေတောင်မြို့၊ ဖုန်း-၀၅၃-၅၅၀၁၀**

**ရတီမှူး**
▲ မိုးကုတ်၊ ဇလုံတောင်၊ အင်းတော်ကြီး
▲ မန္တလေး၊ ကျောက်ဆည်၊ ကျောက်စိမ်း
▲ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ ဝက်စိကမ်း
09-250147247, 09-774438366

**ကလေးနာမည်ပေး**
**ဆရာကြီးရာစာဓော်ဝင်း**
(LL.B)နှင့်ဆက်သွယ်ပါ
01-399136, 09-73009994, 09-253997740
09-5152521

**စာအုပ် စာပေ လူ့ မိတ်ဆွေ**

# အဆိပ်ငွေ့ကိုရှူမိသူများ

တက္ကသိုလ်ဇော်ထူးဦး



အဆိပ်ဟုဆိုလျှင် လူအများထိတ်လန့်ကြ၏။ မထိရဲ၊ မကိုင်ရဲ၊ မစားရဲ၊ မသောက်ရဲ၊ မရှူရဲ ဖြစ်နေတတ်သည်။ သို့သော်လည်း လူ့ပတ်ဝန်းကျင်တွင် ထင်ထင်ပေါ်ပေါ် သတ်မှတ်၍ရသော အဆိပ်များရှိသကဲ့သို့ ထင်ထင်ရှားရှား သတ်မှတ်၍ မရနိုင်သောအဆိပ်လည်းများစွာရှိကြသည်။ တချို့မှာ သတိမမူ ဂူမမြင်ဘဲဖြစ်တတ်ကြသလို တချို့မှာ သတိထားလျက်နှင့်ဖြစ်ကြသည်။ တချို့မှာ တမင်ကြံစည်ကာ သုံးစွဲသည်များကိုလည်း တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ အဆိပ်ဟူသည် လူ့အသက်ကို အန္တရာယ်ပေးနိုင်သောအရာဖြစ်သည်ကိုကား မည်သူမျှမငြင်းနိုင်ပါချေ။

ညအချိန် မီးမှောင်နေသောအခန်းအတွင်းရှိ ဆေးဘူးမှ ဆေးကို မှားယွင်းသောက်မိသည့်အတွက် အဆိပ်ဖြစ်ရခြင်း၊ လှော်င်ပိတ်နေသောအခန်းမှ ဆိုးရွားသောအနံ့အသက်ကိုရှူမိ၍အဆိပ်ဖြစ်ရခြင်း၊ အဆိပ်ရှိသောပိုးမွှားတိရစ္ဆာန်များအကိုက်ခံရ၍အဆိပ်ဖြစ်ရခြင်း၊ မသန့်ရှင်းသောအစားအသောက်များကြောင့် အဆိပ်ဖြစ်ရခြင်း စသဖြင့်တွေ့ရသည်။ ထိုသို့အဆိပ်ဖြစ်ပါက ချက်ချင်းသိသိချင်း ပြုစုပေးရန်လိုအပ်သကဲ့သို့ ဆေးခန်း၊ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးရန် လိုအပ်သည်။

အဆိပ်ဆိုသည်မှာ လူ့ခန္ဓာကိုယ်အတွင်းသို့ လုံလောက်သည့်ပမာဏဝင်ရောက်ခြင်းကြောင့် အသက်နှင့် ခန္ဓာကိုယ်ပျက်စီးဆုံးရှုံးစေနိုင်သောအခဲ (သို့မဟုတ်) အရည် သို့မဟုတ်အငွေ့ဖြစ်သည်။ အဆိုပါအဆိပ်သည် လူ့ခန္ဓာကိုယ်တွင်းဝင်ရောက်သည့်အတွက် ခန္ဓာကိုယ်၏ လုပ်ငန်းများကို အခိုက်အတန့်အားဖြင့် ထိခိုက်နိုင်သလို ထာဝရလည်းထိခိုက်နိုင်သည်။ အဆိပ်ဖြစ်စေသောအရာများသည် ခန္ဓာကိုယ်အတွင်းသို့ ရှူမိရှိုက်မိခြင်း၊ စားမျိုမိခြင်း၊ အရေပြားအား ထိုးဖောက်မိခြင်းနှင့် အရေပြားမှ စိမ့်ဝင်ခြင်း စသည့်နည်းလမ်းများဖြင့်ရောက်ရှိသည်။

အဆိပ်သင့်တိုင်း ဆေးရုံဆေးခန်းသို့ သွားရောက်ရန် မလိုအပ်ပါ။ သာမန်အဆိပ်ဖြစ်မှုများတွင် သင့်လျော်သောပြုစုမှုဖြင့် သက်သာစေနိုင်သည်။ သို့သော်လည်း လူနာ၏အခြေအနေ၊ အဆိပ်၏ ပြင်းထန်မှုအပေါ် မူတည်ကာ ဆေးဘက်ဆိုင်ရာသို့ အမြန်ဆုံးပို့ရန် လိုအပ်သည်။

အသက်ရှူခြင်းသည် ခန္ဓာကိုယ်တွင်းအဆိပ်ဝင်ရောက်နိုင်သည့် အဓိကလမ်းကြောင်းဖြစ်သည်။ အိမ်တွင် လည်းကောင်း၊ စက်ရုံအလုပ်ရုံလုပ်ငန်းခွင်တွင်လည်းကောင်း၊ သွားလာလှုပ်ရှားနေသော ပတ်ဝန်းကျင်တွင်လည်းကောင်း ဓာတုဗေဒအခိုးအငွေ့များ၊ မီးခိုးများ၊ စက်ပစ္စည်းမှထွက်သောအငွေ့များ၊ မီးစက်၊ မော်တော်ယာဉ် အိပ်ဇောမှထွက်သော အငွေ့များကိုရှူရှိုက်မိသည်။ ထို့အပြင် နေအိမ်တွင်အသုံးပြုသော သန့်ရှင်းရေးဓာတုအရည်များ၊ အလှကုန်ပစ္စည်းများမှ ထွက်သောအနံ့အသက်များကို ရှူရှိုက်မိကြသည်။ ထို့အပြင် ပတ်ဝန်းကျင်တွင် စွန့်ပစ်ထားသောအမှိုက်ပုံများ၊ ပုပ်သိုးနေသော အသားငါးများမှထွက်သည့် အနံ့ဆိုးများကိုရှူရှိုက်မိသည့်အခါ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်အတွင်းဝင်ရောက်သွားကာ အသက်ရှူခြင်းကို ထိခိုက်စေသည်။ ထို့အပြင် ဦးနှောက်အတွင်းသို့လည်း ဝင်ရောက်သွားပြီး အာရုံကြောစနစ်များကိုထိခိုက်စေသည်။

အဆိပ်ငွေ့ကိုရှူမိသူသည် ယေဘုယျအားဖြင့် အသက်ရှူခက်ခဲခြင်း၊ ခေါင်းမူးခြင်း၊ ပျို့တက်ခြင်း၊ သတိလစ်မေ့မြောသွားခြင်း စသည့်ခံစားမှုဖြစ်လာသလို ချောင်းဆိုးကာ ရင်ဘတ်ပူလောင်နေတတ်သည်။ အဆိပ်သည် ဦးနှောက်အတွင်း ဝင်ရောက်သွားသည့်အတွက် စိတ်ကစဥ့်ကလျားဖြစ်ခြင်း၊ စိတ်ဂနာမငြိမ်ကယောင်ကတမ်းဖြစ်ခြင်း၊ ခန္ဓာကိုယ် တုန်လှုပ်ကာတက်ခြင်းစသည့် ဝေဒနာများကိုခံစားရကာ နောက်ဆုံးလုံးဝသတိလစ်သွားတတ်သည်။

အဆိပ်ငွေ့များအနက် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်နှင့် အချို့အအေးခန်းသုံးဓာတ်ငွေ့များတွင် အရောင်အဆင်းမရှိကြပါ။ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့မှာမူပေါက်ကွဲပြီး မီးလောင်နိုင်သည်။ အဆိပ်ငွေ့ရှိရာအခန်းအတွင်း ဝင်ရောက်ရာတွင် နှာခေါင်းစည်း၊ အကာအကွယ်မပါဘဲ ဝင်ရောက်ခြင်းမျိုးကိုမပြုလုပ်သင့်ပါ။ ပတ်ဝန်းကျင်တွင်အတွေ့များပြီး အန္တရာယ်ပေးနိုင်သော ဓာတ်ငွေ့များမှာ -

**ကာဗွန်မိုနောက်ဆိုက်** Carbon monoxide

မော်တော်ကားအိပ်ဇောပိုက်များ၊ မီးလောင်ကျွမ်းမှုများ၊ မီးခိုးခေါင်းတိုင်၊ အပူပေးစက်များမှထွက်သည်။ အဆိုပါ ဓာတ်ငွေ့ကို အချိန်ကြာကြာရှူမိပါက ခေါင်းကိုက်ခြင်း၊ စိတ်ကစဥ့်ကလျားဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်တိုခြင်း၊ စိတ်ကိုမထိန်းချုပ်နိုင်ခြင်း၊ အမြင်ဝေဝါးခြင်း၊ ပျို့တက်ခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်းစသည့် လက္ခဏာနှင့် ခံစားမှုများဖြစ်သည်။ ဓာတ်ငွေ့ကို အမြောက်အမြားရှူမိပါက အရေပြားပြာနှမ်းလာကာ အသက်ရှူခက်ခဲပြီး သတိလစ်မေ့မြောသွားနိုင်သည်။

**မီးခိုးငွေ့** Smoke

မီးလောင်ကျွမ်းမှုကြောင့် လောင်ကျွမ်းခံရသည့်အရာများမှ မီးခိုးထွက်လာသည်။ မီးခိုးတွင် အောက်ဆီဂျင်ပါဝင်မှုနည်းပါးပြီး လောင်ကျွမ်းသောအရာဝတ္ထုအပေါ်မူတည်၍ အဆိပ်ဖြစ်စေသောအငွေ့များပါဝင်နိုင်သည်။ မီးခိုးငွေ့ကို ရှူမိပါက ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူသံဆူညံခြင်း၊ အသက်ရှူခက်ခဲခြင်း၊ ချောင်းဆိုးသည့်အခါ ချွဲသလိပ်သံထွက်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းတွင် အပူလောင်နာများဖြစ်ခြင်း၊ မည်းနက်သောကျပ်ခိုးများပေကျံနေကာ နောက်ဆုံးတွင် သတိလစ်မေ့မြောသွားနိုင်သည်။

**ကာဗွန်ဒိုင်အောက်ဆိုက်** Carbon dioxide

ကျောက်မီးသွေးတွင်း၊ ရေတွင်းများနှင့် မြေအောက်လိုဏ်ခေါင်းများမှထွက်သည်။ ယင်းအငွေ့ကို ရှူမိပါက အသက်မရှူနိုင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ကစဥ့်ကလျားဖြစ်ခြင်းနှင့် နောက်ဆုံးတွင် သတိလစ်မေ့မြောသွားနိုင်သည်။

**သန့်စင်ဆေးနှင့်လောင်စာဆီများ** Solvents and fuels

နေအိမ်နှင့်လုပ်ငန်းခွင်တွင် အသုံးပြုလေ့ရှိသော သန့်စင်ဆေးရည်၊ မီးခြစ်အရည်၊ မီးဖိုသုံး အရောင်မဲ့ပရိုပိန်းဓာတ်ငွေ့၊ ကော်နှင့် အခြားဆေးရည်နှင့်ဓာတ်ငွေ့အရည်များပါဝင်သည်။ ယင်းတို့သည် ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ လေပြွန်ချောင်းအား ပိတ်ဆို့စေခြင်းများဖြစ်နိုင်သည်။ အဆိုပါဆေးများနှင့် လောင်စာအရည်များကို ရှူမိရှိုက်မိသည့်အတွက် အော့အန်သည့်အခါ ပလတ်စတစ်အိတ်ကိုအသုံးမပြုသင့်ပါ။ စက္ကူအိတ်ကိုသာ အသုံးပြုသင့်သည်။ ထို့အပြင် လေဖိအားသုံးထည့်ထားသော ဓာတ်ငွေ့ဘူးမှ အလွန်အေးသောဓာတ်ငွေ့ကို ရှူမိပါက အသက်ဆုံးရှုံးနိုင်သည်။

အဆိပ်ငွေ့ရှူမိရှိုက်မိသူအား အဓိကပြုစုရာတွင် အရေးကြီးသောအချက်မှာ လေကောင်း လေသန့်ရရှိရန်ပင် ဖြစ်သည်။ သို့ဖြစ်၍ ဓာတ်ငွေ့များနှင့်လွတ်ကင်းရာသို့ အမြန်ဆုံးရွှေ့ပြောင်းပေးရမည်။ ထိုသို့ဓာတ်ငွေ့ရှိသော အခန်းအတွင်းရှိ လူနာအားချဉ်းကပ်ရာတွင် ကယ်တင်သူသည် မိမိကိုယ်တိုင် အဆိုပါအဆိပ်ငွေ့ကိုမရှူမိစေရန်၊ အကာအကွယ် (နှာခေါင်းစည်း၊ရေစိုအဝတ်) ဖြင့် ပါးစပ်နှင့်နှာခေါင်းကို ဖုံးအုပ်ကာဝင်ရောက်ရမည်။ စွန့်စား၍ကယ်တင်ခြင်းမျိုးမလုပ်သင့်ပါ။

လူနာ အဆိပ်ငွေ့နှင့် လွတ်ကင်းသောနေရာသို့ရောက်သည့်အခါ တင်းကြပ်နေသော အဝတ်အစားများကို လျှော့ပေးရမည်။ လည်ပင်း၊ ရင်ဘတ်နှင့်ခါးတွင် တင်းကြပ်နေသောအဝတ်အစားများကိုလျှော့ပေးခြင်းဖြင့် အသက်ရှူရာတွင်သက်သောင့်သက်သာရှိမည်ဖြစ်သည်။ လူနာသတိရနေပါက လေကိုဝအောင်ရှူခိုင်းပါ။ တစ်ခါတစ်ရံ လည်ချောင်းတွင် ချွဲသလိပ်နှင့်တံတွေးများ ပိတ်ဆို့နေခြင်း၊ လေပြွန်ရောင်ရမ်းနေခြင်းဖြစ်ပါက အသက်ရှူ ကြပ်နိုင်သည်။ သို့အတွက် လည်ချောင်းအတွင်း ပိတ်ဆို့နေသောအရာဝတ္ထုများကို ဖယ်ရှားပစ်ရမည်။ လူနာအား ပက်လက်အနေအထားဖြင့် ဦးခေါင်းကိုနောက်သို့လှန်ကာ လေပြွန်ချောင်းကိုဖွင့်ပေးရမည်။

ရှူမိသောအဆိပ်ငွေ့အမျိုးအစား၊ ပြင်းထန်မှု၊ ရှူရှိုက်မိသောပမာဏပေါ်မူတည်ကာ လက္ခဏာနှင့်ခံစားမှုကွဲပြားနိုင်သည်။ သာမန်ရှူရှိုက်မိသောအခြေအနေတွင် လေကောင်းလေသန့် (အောက်ဆီဂျင်)လုံလောက်စွာရရှိပါက စက္ကန့်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်လာနိုင်သည်။ သို့သော် အဆိပ်ငွေ့မှာပြင်းထန်ပြီး ဦးနှောက်အတွင်းသို့ အများအပြား ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ လေပြွန်ချောင်းရောင်ရမ်းနေခြင်း၊ ပိတ်ဆို့နေခြင်းစသည့် အခြေအနေမျိုးတွင် လူနာမှာ အသက်ရှူရပ်သွားနိုင်သည်။ အသက်ရှူရပ်သွားပါက အသက်ရှူအားကူနည်းဖြင့် ချက်ချင်းပြုစုပေးရမည်။ သတိပြန်လည်လာပါက ဆေးရုံ၊ ဆေးခန်းသို့ပြသရန် လိုအပ်မည်ဖြစ်သည်။ ။

> အဆိပ်ဆိုသည်မှာ လူ့ခန္ဓာကိုယ်အတွင်းသို့ လုံလောက်သည့် ပမာဏဝင်ရောက်ခြင်းကြောင့် အသက်နှင့် ခန္ဓာကိုယ်ပျက်စီးဆုံးရှုံးစေနိုင်သောအခဲ (သို့မဟုတ်) အရည် သို့မဟုတ် အငွေ့ဖြစ် ...
>
> အဆိုပါအဆိပ်သည် လူ့ခန္ဓာကိုယ်တွင်း ဝင်ရောက်သည့် အတွက် ခန္ဓာကိုယ်၏လုပ်ငန်းများကို အခိုက်အတန့် အားဖြင့် ထိခိုက်နိုင်သလို ထာဝရလည်းထိခိုက်နိုင် ...

## တရားဥပဒေစိုးမိုးရေး တရားရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ဆွေးနွေး

**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းကျင်းပသော ကဏ္ဍပေါင်းစုံနှင့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈) လမ်းနှင့် (၃၈) လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ချက်များ၊ တရားရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တရားမျှတရေးဆိုင်ရာများပေါင်းစပ်ဆောင်ရွက်ရေးဆွေးနွေးပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ဦးအောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးတရားရေးဌာန ဥပဒေရုံးများနှင့်တရားမျှတရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှမှု၊ လူထုပါဝင်ဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးရေး အခြေခံမှုများ လက်ရှိဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဆိုင်ရာမဟာဗျူဟာစီမံကိန်းအား အဖွဲ့များက ပန်းတိုင်များအပေါ် အကြံပြုဆွေးနွေးကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## တောင်ညိုဆည်ရေသောက်စနစ်ရှိ လက်တံ (၄) ရေအသုံးချရေးအသင်း မှတ်ပုံတင်ပြီးစီး

**နတ်တလင်း ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အတွင်းရှိ တောင်ညိုဆည်ရေသောက် စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဂျပန်နိုင်ငံချေးငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂)မှ တာဝန်ယူ၍ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေသောက်စနစ်၏ ၇၅ ရာခိုင်နှုန်းခန့်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧက ၅၀၀၀၀ ကျော်ကို ရေပေးဝေနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းများမှ ဆည်ရေသောက်ဧက ၁၁၀၀ ခန့်ရှိ လက်တံ (၄) တူးမြောင်းမှ တောင်သူများကို ရေအသုံးချသူများအဖွဲ့ (WUG) ဖွဲ့စည်းနိုင်ရေးအတွက် ဂျပန်နိုင်ငံ အတိုင်ပင်ခံအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှတာဝန်ရှိသူများ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်ကာ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြပြီး လက်တံ(၄) တူးမြောင်းသည် ရေယူပေါက် ၂၁ ခုရှိသဖြင့် ရေအသုံးချသူများအဖွဲ့ငယ် (WUG) ၂၁ ခုအား ဖွဲ့စည်း၍ ပထမခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များကို တောင်သူများကိုယ်တိုင် ရွေးချယ်စေခဲ့သည်။ အဖွဲ့ငယ် ၂၁ ခု၏ ခေါင်းဆောင်များမှ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းကာ အထွေထွေညီလာခံကျင်းပ၍ အသင်းအမည်ကအစ ရွေးချယ်ခဲ့ကြပြီး သက်ဆိုင်ရာ ကော်မတီအသီးသီးကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ လက်တံ(၄) တူးမြောင်းတွင် ရေအသုံးချသူများအသင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဧပြီ ၂၄ ရက်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း ယခင်ကာလများက တောင်သူများ အနေဖြင့် ဆည်ရေရယူရာတွင် စုစည်းတိုင်ပင်မှု မရှိခြင်းကြောင့် ရေရရှိမှု မမျှတဘဲ အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ ရေအသုံးချသူများ အသင်းဖွဲ့စည်းပြီးဖြစ်ခြင်းကြောင်း ယခုနှစ် နွေစပါးကာလ စိုက်ပျိုးရေစယူချိန်မှ ယခု အောင်ရေရရှိချိန်ထိ အသင်း၏ ဦးဆောင်မှုဖြင့် ဆည်ရေရယူသည့် လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သဖြင့် လယ်ကွက်များသို့ ဆည်ရေ အချိန်မီ ရောက်ရှိပြီးကောင်းမွန်သည့် စပါးခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရှိရသည်။

**မြင့်နိုင်(ပြည်)**

## ခြေလှမ်းတစ်သောင်းလမ်းလျှောက်ပွဲ မန္တလေးကျုံးပတ်လမ်းတွင် ကျင်းပ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲ

**ချမ်းအေးသာစံ ဧပြီ ၂၉**

ခြေလှမ်းတစ်သောင်း လမ်းလျှောက်ပွဲကို အင်ဒိုနီးရှားနိုင်ငံမှ Grliga Muscular Balmက ဦးဆောင်၍ ဧပြီ ၂၈ ရက် နံနက် ၅ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်း၊ ၇၀နှင့် ၇၁ လမ်းကြား၊မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့မှ တာလွှတ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးကာ တာလွှတ်ပေးပြီး ပြည်သူများနှင့် အတူ စုပေါင်းလမ်းလျှောက်ခဲ့သည်။

ခြေလှမ်းတစ်သောင်း လမ်းလျှောက်ပွဲသည် အခြားသူများနှင့် ယှဉ်ပြိုင်ရခြင်းမျိုး မဟုတ်ဘဲ မိမိကိုယ်ကိုမိမိစိန်ခေါ်ရမည့် ပွဲဖြစ်ကြောင်း၊ လမ်းလျှောက်ပွဲများကို ဧပြီ ၂၈ ရက်၊ မေ ၂၆ ရက်၊ ဇွန် ၂၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး သုံးကြိမ်လုံး မပျက်မကွက်ပါဝင်မည်ဟု စိတ်ပိုင်းဖြတ်ကာသတ်မှတ်ထားသည့်အချိန် ၂ နာရီအတွင်း ခြေလှမ်းတစ်သောင်း မပြည့်ပြည့်အောင် လမ်းလျှောက်မည်ဟု မိမိကိုယ်မိမိ စိန်ခေါ်နိုင်သူများ ပါဝင်ဆင်နွှဲကြသည်။

လမ်းအစောဆုံးခြေလှမ်းတစ်သောင်း ပြည့်မီ ပန်းဝင်လာသူအယောက် ၈၀၀ အား အမှတ်တရဆွဲပြား ပေးအပ်သည်။ လမ်းလျှောက်သည့် ကျုံးပတ်လမ်းကြောင်း တစ်လျှောက်တွင်လည်း ကျန်းမာရေး စောင့်ရှောက်မှုနေရာများ၊ ရေ၊ ဓာတ်ဆားနှင့် ဆေးဝါးများထားရှိပေးပြီး ပန်းဝင်ခြေလှမ်း တစ်သောင်းပြည့်သည့်နေရာတွင် နံနက်စာကျွေးမွေးသည်။



သက်ရှည်ကျန်းမာရေး စုပေါင်းလမ်းလျှောက်ပွဲတွင် မန္တလေးတောင်တက်အဖွဲ့၊ ကျုံးပတ်လည်လမ်းလျှောက်အဖွဲ့နှင့်ပညာရေးကောလိပ်သင်တန်းသားသင်တန်းသူများ၊ အားကစားလိုက်စားသူ ပြည်သူ ၂၀၀၀ ကျော် တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မြစ်ကြီးနား ဧပြီ ၂၉**

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်သည် ဧပြီ ၂၁ ရက်က နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၏ အထူးအစည်းအဝေးမှ ပြည်ထောင်စု တရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက ပြည်ထောင်စု တရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားမှုများဖြစ်သည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေး၊ အဂတိလိုက်စားမှု ကင်းရှင်းရေး၊ ပြစ်မှုများ စစ်ဆေးဆုံးဖြတ်ရာ၌ အချိန်နှင့် တစ်ပြေးညီ မှန်ကန်မြန်ဆန် တိကျစေရေး၊ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ တရားရုံးသက်သေခံပစ္စည်းများ စနစ်တကျ စီမံခန့်ခွဲရေး၊ လုပ်ငန်းများဆောင်ရွက်ရာ၌ တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် စနစ်တကျဆောင်ရွက်ရေးတို့ကို ထပ်ဆင့်လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တရားလွှတ်တော် တရားသူကြီးဦးဇော်ဝင်းနှင့် ဒေါ်ပြုံးပြုံးအေးတို့က လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး ပြည်နယ်တရားရေးဦးစီးမှူးက ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များနှင့် ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာသည့် တရားရေးအရာရှိနှင့် တရားသူကြီးများက လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်တရားရေး ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် ခရိုင်နှင့် မြို့နယ်အသီးသီးမှ တရားရေးအရာရှိများနှင့် တရားသူကြီးများ အင်အား ၄၄ ဦး တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## ညောင်ရေသွန်းပွဲတော်လာ ပြည်သူများ စိတ်ချမ်းသာမှုရှိစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**စဉ့်ကိုင် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဈေးသစ်ရပ်ကွက်အတွင်းရှိ မဟာဗောဓိပင်ဝက်ပါဘုရားဝင်းနှင့် အုတ်တံတိုင်းများ ထုံးသုတ်ခြင်းနှင့် အမှိုက်များ သန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီကစတင်ပြီး ပလိပ်နယ်မြေစခန်းမှ စခန်းမှူး ရဲအုပ်လှညွှန့်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စဝတ်အသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ပရဟိတသန့်ရှင်းရေးလူငယ်အသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သန့်ရှင်းရေးပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရဲအုပ်လှညွှန့်က "ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲဆို နယ်သူနယ်သားတွေက ဒီပွဲဆို အတော်စည်စည်ကားကား ကျင်းပလေ့ရှိပါတယ်။ ဒါကြောင့် နယ်သူနယ်သားတွေရဲ့အားထားရတဲ့ပွဲတော်ပြုလုပ်တဲ့အခါ စိတ်ပိုပြီး ကြည်နူးအောင် သန့်ရှင်းရေးလုပ်ငန်းများနှင့် ထုံးသုတ်ခြင်းလုပ်ငန်းများကို လုပ်အားဒါနအဖြစ် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သက်မောင်(ပြန်/ဆက်)**

## ကလေးမြို့တွင် လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပထမအကြိမ်ပြည်သူ့စကားဝိုင်းကျင်းပ

**ကလေး ဧပြီ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးခရိုင်ရုံးသည် ချင်းတောင်ဒေသသဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့၊ အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်၊ ဌာနဆိုင်ရာများနှင့် မြို့နယ်တွင်ဖွဲ့စည်းထားသော ကလပ်သုံးခုတို့ ပူးပေါင်း၍ "လူငယ်နှင့်မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက ကလေးမြို့နယ် စုပေါင်းရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်၊ ကလေးခရိုင် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်(စိတ်)ဒေါက်တာထက်မြက်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု-၅(ကလေး)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးတင်စိုး၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးနီကမ်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မေရီမြင့်တို့က လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်နှင့် ပတ်သက်၍ဆွေးနွေးကြသည်။

တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပ

**ပဲခူး ဧပြီ ၂၉**

မြတ်စွာဘုရားပွင့်တော်မူသော မဟာဗောဓိပင်ကိုရည်မှန်း၍ (၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်နေ့) ဧပြီ ၂၉ ရက် နံနက် ၇ နာရီခွဲက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိဗောဓိညောင်ပင်တွင် (၆၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မဟာဗောဓိပင် ဘုရားရှိခိုးရွတ်ဆို၍ မဟာဗောဓိပင်ကိုရှိခိုး ပူဇော်ကြပြီး ပတ္ဍာဝတ္ထုဂါထာရွတ်ဆိုကာ မဟာဗောဓိပင်ကို ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်ကြသည်။



ထို့နောက် မဟာဗောဓိပင် ပတ်ပတ်လည်တွင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ၊ ဂေါပကအဖွဲ့များက ဒုက္ခပတ္တာစနိဒုက္ခာဂါထာတော်ကို သုံးခေါက်ရွတ်ဆို မေတ္တာပို့သပြီး ညောင်ရေတော်များ သွန်းလောင်းကာ အမျှဝေသာဓုခေါ်ဆိုကြသည်။

ထို့အတူ ပဲခူးမြို့ပေါ်ရှိ ဘုရား ပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်း အချို့တွင်လည်း ဂေါပကအဖွဲ့များ၊ ဘာသာရေး အသင်းအဖွဲ့များက ကဆုန်လပြည့် ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တောနော်သဘာဝရေတံခွန်နှင့် ကော့ကရိတ်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကွင်းဆင်းကြည့်ရှု

**ကော့ကရိတ် ဧပြီ ၂၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဧပြီ ၂၈ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့ ချောင်းဦးစေတီတံတားကို ဖွင့်လှစ်ပေးပြီး တောနော်သဘာဝရေတံခွန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဒေါ်နန်းသူဇာဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ နံနက် ၉ နာရီက ချောင်းဦးစေတီတံတားကို ဖွင့်လှစ်ပေးပြီး ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးဘေးရှိ သဘာဝအပန်းဖြေနေရာ တောနော်ရေတံခွန်သို့ သွားရောက်ကြည့်ရှုရာ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက မြို့တွင်ပထမဆုံးဖွင့်လှစ်သော ရေတံခွန်ဖြစ်သည်နှင့်အညီ အများပြည်သူအပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါနအလင်းကုမ္ပဏီ၊ PRO 81 Co.,Ltd နှင့် KHAN တို့ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက ၂၄ နာရီ မီးလင်းရေးစက်ရုံသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။ အဆိုပါ စက်ရုံသည် DOOSAN G750 Generator စက်အမျိုးအစားဖြင့် 11 KV လိုင်း ၁၃ မိုင်၊ 0.4 KV လိုင်း ၁၁ မိုင် သွယ်တန်း၍ ထရန်စဖော်မာ ၃၃ လုံးတပ်ဆင်ကာ အိမ်ထောင်စု ၃၈၀၀ အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြေဆီလွှာ အာဟာရဖြည့်တင်းရေးဆိုင်ရာဆွေးနွေးပွဲသို့ သွားရောက်ပြီး တောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နော်သူးလေထီးနှင့် ခရိုင်သီးနှံတာဝန်ခံများက မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာများအား ဆွေးနွေးဟောပြောခဲ့ပြီး ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် တာဝန်ရှိသူများက ထပ်ဆင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့ ချောင်းတောင်ရေမြှင့်အဆောက်အအုံ(ရေထိန်းတမံ)သို့ သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါ ရေမြှင့်အဆောက်အအုံသည် အလျား ၁၃၇ ပေ ၅ လက်မ၊ ရေတံခါးအရွယ်အစား ( ၉ ပေ ၅ လက်မ x ၄ ပေ ၉ လက်မ) ၁၃ ပေါက် ပါရှိပြီး စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ကျပ် ၃၄၇ သန်းဖြစ်ကာ မတ် ၃၀ ရက်တွင် ပြီးစီးကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့ (ထူးဟဲစေးဟဲ) မျိုးသန့်မျိုးပွားစံပြဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့် တာဝန်ရှိသူများက ဥယျာဉ်ခြံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားချက်များအား တင်ပြကြသည်။ ထိုဥယျာဉ်ခြံကို သီးပင်စားပင်များ စိုက်ပျိုးခြင်းနှင့်အတူ မျိုးကောင်းမျိုးသန့်များထုတ်လုပ်၍ ဒေသတွင်း တောင်သူ ဦးကြီးများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများကို နည်းပညာပြန့်ပွားရေးစခန်း ဖွင့်လှစ်၍ စာတွေ့လက်တွေ့သင်ကြားပေးမည့် စံပြဥယျာဉ်ခြံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (၂၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၂၉ ရက် နံနက် ၆ နာရီခွဲမှ စတင်ကာ စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်း၌ ကျင်းပခဲ့သည်။ **သက်နိုင်(သန်လျင်)**

# မယ်စဲ့မြို့နယ်တွင် မြို့မြေငှားဂရန်ရရှိရေး မြေပြင်တိုင်းတာစစ်ဆေး

**မယ်စဲ့ ဧပြီ ၂၉**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြေယာအရှုပ်အရှင်းကင်းပြီး အမှုတွဲနှင့်ပြည့်စုံသောနေအိမ်များကို ပုဂ္ဂလိကမြေဂရန် ထုတ်ပေးနိုင်ရေးအတွက် မြို့မြေငှားဂရန် ကွင်းဆင်းစစ်ဆေးခြင်းကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ဘော်လခဲခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးဦးမြင့်ဝေ၊ မယ်စဲ့မြို့နယ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်အေးခန့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မယ်စဲ့မြို့ တောင်ပိုင်းရပ်ကွက်တွင် မြေပြင်တိုင်းတာစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မယ်စဲ့မြို့နယ်တွင် လက်ရှိအစိုးရသစ်လက်ထက်၌ စီမံချက်ဖြင့် မြေယာအရှုပ်အရှင်းမရှိသည့်ပုဂ္ဂလိက နေအိမ် ၈၀ ကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် မြေဂရန်ထုတ်ပေးခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်ထုတ်ပေးနိုင်ရေးအတွက် လက်ရှိအမှုတွဲ ၈၃ တွဲကို မြေပြင်တွင် မြေယာအရှုပ်အရှင်းကင်းပြီး အမှုတွဲပြည့်စုံမှုရှိ၊ မရှိကို ခရိုင်မှတာဝန်ရှိသူတွေက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်က ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အခြေခံတိုင်းရင်းဆေးပညာလက်ဆင့်ကမ်း သင်တန်းဆင်းပွဲ ကော့မှူးတွင် ကျင်းပ

**ကော့မှူး ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဇောတိကမ္မောရုံ၌ စတုတ္ထအကြိမ်မြောက် အခြေခံတိုင်းရင်းဆေးပညာ လက်ဆင့်ကမ်းသင်တန်းဆင်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က "ဒီသင်တန်းကနေ ဆင်းသွားတဲ့ တိုင်းရင်းဆေးပညာ သင်တန်းဆင်းတွေက ကိုယ့်မိသားစုကိုတော့ အနည်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သလို ကိုယ်နေတဲ့ ရပ်ရွာထဲမှာလည်း ပြည်သူလူထုကို တိုင်းရင်းဆေးပညာနဲ့အလုပ်အကျွေးပြုနိုင်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ ဝါရင့်သမားတော်ကြီးများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများနှင့် လက်ရှိတိုင်းရင်းဆေးလောကတွင် တိုင်းရင်းဆေးများ ထုတ်လုပ်ဖော်စပ်နေသော သမားတော်ကြီးများက ဒေသနာ နယဆေးပညာ၊ ဘေသဇ္ဇနယဆေးပညာ၊ နက္ခတ္တနယဆေးပညာ၊ ဝိဇ္ဇာဓရနယဆေးပညာနှင့် အကြောရောဂါမျိုးစုံ၊ တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ဘာသာရပ်များ၊ အသိပညာ ဗဟုသုတများ၊ လက်တွေ့ကုထုံးများနှင့် အခြားလေ့လာမှတ်သားဖွယ်ရာများကို မတ် ၃၁ ရက်မှ ဧပြီ ၂၈ ရက်အထိ သင်ကြားပို့ချနိုင်ခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များမှ မျိုးဆက်သစ်တိုင်းရင်းဆေး ချစ်မြတ်နိုးသူများ၊ မိရိုးဖလာ သားစဉ်မြေးဆက် တိုင်းရင်းဆေးလေ့လာလိုက်စားသူများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ပဲခူး၊ တောင်ဒဂုံ၊ ဗဟန်းစသောမြို့နယ်များမှ မျိုးဆက်သစ်တိုင်းရင်းဆေးပညာသင်များ၊ တိုင်းရင်းဆေးလိုလားသူများ အပါအဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၉၇ ဦး တက်ရောက်ကြသည်။

ကော့မှူးမြို့နယ်အနေဖြင့် ယခုတိုင်းရင်းဆေးပညာသင်တန်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ၁၇၅ ဦး၊ ၂၀၀၁ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ၁၇၀ ကျော်၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ၇၅ ဦးတို့အား တိုင်းရင်းဆေးပညာသင်တန်းများပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အနောက်ဘက်ကမ်းရှိ ရွှေဘုံသာမုနိဘုရား အနီး မဟာပဏ္ဍိတပရဟိတစေတီတော်ရှိ မဟာဗောဓိ ညောင်ပင်အား နာရေးကူညီမှုအသင်း (ရန်ကုန်) ဦးကျော်သူ ဦးဆောင်သော ပရဟိတ အဖွဲ့သားများက မေ ၂၉ ရက် နံနက်ပိုင်းက ကဆုန် ညောင်ရေသွန်း လောင်းကြစဉ်။ **မောင်မောင်ဇော်**

# ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းသူများနှင့် ကောင်းမှုပြုသူများ တာချီလိတ်၌ စည်ကား

**တာချီလိတ် မေ ၂၉**

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၂၉ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်၌ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဓမ္မစကြာရွတ်ဆိုအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၄၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ငွေတောင်ဦးခြေတော်ရာပါဒစေတီတော်ရင်ပြင်၌ ကျင်းပရာ ဗောဓိညောင်ပင်အား ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ ဆီမီးတို့ လှူဒါန်းပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စတုဒိသာလှူဒါန်း၍ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကားများပြားကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



# ရွှေတောင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေး

**ရွှေတောင် မေ ၂၉**

ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများအား ပြန်လည်ထုတ်ချေးခြင်းကို မေ ၂၄ ရက် မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ် ဇီးကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဇီးကျွန်းအုပ်စု ဇီးကျွန်းကျေးရွာနှင့် ဧရာဦးကျေးရွာတို့အတွက် စီမံကိန်းချေးငွေကျပ် ၃၃၈ သိန်းကို မြို့နယ်ဦးစီးမှူးဦးမျိုးသူနှင့် ဝန်ထမ်းများက စီမံကိန်းဝင် ကျေးရွာသားကျေးရွာသူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။ **သူရအောင်(ပြည်)**



# မှုခင်းအသိပညာပေးဟောပြော

**ပဲခူး**

ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ်(၅)ရပ်ကွက် ခမိတ်ဈေးလမ်းဆုံ၌ မေ ၂၇ ရက် ညနေ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များနှင့် အင်းတကော်မြို့ရဲစခန်းမှ စခန်းမှူးဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသခဲ့ရာ ပြည်သူလူထု ၂၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြသည်။

"ခုလိုမှုခင်းပြခန်းတွေ လှည့်လည်ပြသပြီး မှုခင်းရေးရာ ရှင်းလင်းဟောပြောပေးတာတွေ လုပ်ပေးတော့ ဗဟုသုတတွေရပါတယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

အင်းတကော်မြို့ရဲစခန်း စခန်းမှူးရဲအုပ်ကျော်တင့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပြစ်မှု၊ ပြစ်ဒဏ်အထွေထွေ ဗဟုသုတများအား အကျယ်တဝင့်ပညာပေးရှင်းလင်းဟောပြောပြီး လာရောက်ကြည့်ရှုခဲ့ကြသော ပြည်သူအများတို့အား မှုခင်းပညာပေးလက်ကမ်းစာစောင်များ ၂၀၀ ခန့် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **၅၈၇**

**ဒလ**

ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလသင်္ဘောဆိပ်၌ မေ ၂၈ ရက် နံနက် ၈ နာရီက မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဒလမြို့မရဲစခန်းမှူး ဒုရဲမှူး ညွန့်ဝင်းနှင့်တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တောင်ဥက္ကလာပမြို့နယ် ယင်းမာချောင်းအား စက်အား၊ လူအားဖြင့် ဆယ်ယူရှင်းလင်း

**တောင်ဥက္ကလာပ မေ ၂၉**

ရန်ကုန် အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင် ဦးဆောင်ကာ ခရိုင်စုဖွဲ့အင်အား ၁၄၅ ဦးဖြင့် မေ ၂၈ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ယင်းမာချောင်းအား ရေစီးရေလာကောင်းမွန်စေရေး လူအင်အား၊ စက်အင်အားဖြင့် ဆောင်ရွက်ပေးခဲ့ကြသည်။

"လက်ထောက်ဌာနမှူးဒေါ်နန်းတင်ယုဆွေကြီးကြပ်တဲ့ အင်အား ၇၅ ဦး၊ ပန်းဥယျာဉ် ခရိုင်မှူးဦးစိန်ဝင်းမောင်ကြီးကြပ်လျက်အင်အား ၂၅ ဦး၊ ခရိုင်လမ်းတံတား၊ ခရိုင်ရေသန့်ဌာန၊ ခရိုင်စီမံစုပေါင်းအင်အား ၄၅ ဦးဖြင့် ရေစီးဆင်းမှုကောင်းအောင်ဆောင်ရွက်ပေးပါတယ်၊ တောင်ဥက္ကလာပမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ လွှတ်တော်ကိုယ်စားလှယ်များကလည်း လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။ **မောင်မောင်**



# တိုင်းဒေသကြီးအဆင့် အခြေခံကင်းထောက် သင်တန်းဖွင့်ပွဲ အုတ်ဖိုမြို့တွင် ကျင်းပ

**အုတ်ဖို မေ ၂၉**

သာယာဝတီခရိုင် အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်း ဧရာခန်းမ၌ မေ ၂၉ ရက် နံနက် ၈ နာရီခွဲက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း တိုင်းဒေသကြီးအဆင့် ကင်းထောက်အခြေခံသင်တန်း(၁/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားကို အ-ထ-ကအုတ်ဖို ကင်းထောက်မောင်မယ်လေးများက ပြည်သူ့အတွက် အစဉ်သင့်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ တိုင်းဒေသကြီးတိုင်းပညာရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်ဆင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသား ကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာတင်ညိုတို့က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ၁၄ မြို့နယ်မှ ဆရာ ဆရာမ ၇၀ တက်ရောက်ကာ လေ့လာသူအဖြစ် ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ကြောင်း သိရသည်။

**အောင်သူဆွေ**

**ထန်းတပင်**

သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးပွဲကို မေ ၂၇ ရက် ညနေ ၅ နာရီက ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မရွှေဥကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများ ဘဝ လုံခြုံစေရေးနှင့် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရန်အတွက် အုပ်ထိန်းသူမိဘများနှင့် ကလေးလူငယ်များမှ သတိပြုလိုက်နာရန် အချက်များနှင့် မှုခင်းဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှု မရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(မြန်/ဆက်)**

# ဝက်လက်မြို့၌ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဝက်လက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မေ ၂၈ရက် နံနက် ၇ နာရီက (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝက်လက်မြို့နယ် ဆေးရုံဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးပြုလုပ်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း၊ ဝက်လက်မြို့မစခန်းမှူး ဒု-ရဲမှူးသိန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်နိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် ဒု-ဦးစီးမှူး ဦးဉာဏ်မင်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(မြန်/ဆက်)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျွေးရွာ ကံဘဲ့လမ်းဆုံတွင် မေ ၂၇ ရက် နံနက် ၈ နာရီခွဲက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဆောင်ရွက်ခဲ့သည်။

တံတွေးမြို့နယ် ရဲတပ်ဖွဲ့မှ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များသည် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်အန္တရာယ်များ ကင်းရှင်းရေးနှင့် မှုခင်းဆိုင်ရာအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၁၁၈**



# အနုပညာရှင်များစွာပါဝင်မည့် 2018 Wedding Fair ပွဲ Rose Garden ဟိုတယ်တွင်ပြုလုပ်မည်

နိုင်ငံကျော် အနုပညာရှင်များစွာမှ မင်္ဂလာဝတ်စုံ ဖက်ရှင်ဒီဇိုင်းအမျိုးမျိုးဝတ်ဆင်ပြသမည့် 2018 Wedding Fair ပွဲကြီးကို လာမည့်မေလ ၁၂ ရက်နှင့် ၁၃ ရက်တွင် ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်၌ ပြုလုပ်သွားမည်ဟုသိရသည်။

Myanmar Wedding Talk မှ တာဝန်ယူကျင်းပသော ယင်းပြပွဲတွင် မင်္ဂလာပွဲများ စီစဉ်ကျင်းပပေးသည့် ကုမ္ပဏီအသီးသီးမှ မင်္ဂလာပွဲနှင့်သက်ဆိုင်သော အချက်အလက်များကိုပါ ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"သတို့သားသတို့သမီးတွေအများစုက မင်္ဂလာဆောင်ခါနီးရင် ဘယ်ကစပြီးစီစဉ်ရမှန်းသိပ်မသိကြဘူး၊ အဲဒီအတွက် မင်္ဂလာပွဲနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို တစ်နေရာတည်းမှာရမှာပါ၊ ဒီပွဲမှာကျွန်တော်တို့ Aroma က မြန်မာထိုင်မသိမ်းတွေရော၊ အနောက်တိုင်းဝတ်စုံတွေရောပြသသွားဖို့ စီစဉ်ထားပါတယ်၊ နိုင်ငံကျော်သရုပ်ဆောင်တွေကဝတ်ဆင်ပြသသွားမှာပါ၊ ကျွန်တော်တို့ Aroma အပြင် Wedding Industry အသိုင်းအဝိုင်းအားလုံးပါဝင်ပြသမှာဖြစ်တဲ့အတွက် ရွေးချယ်စရာအများကြီးကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု Aroma Wedding Studio မှ မန်နေဂျင်းဒါရိုက်တာ ကိုအောင်မြတ်သူက ပြောသည်။

ထိုပြပွဲသို့ လာရောက်ကြည့်ရှုကြမည့် မင်္ဂလာမောင်နှံများအနေဖြင့် မင်္ဂလာပွဲအခမ်းအနားနှင့် ပတ်သက်သည့် အကြောင်းအရာများကို တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်မည်ဖြစ်ပြီး အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း လုပ်ငန်းအပ်နှံနိုင်မည်ဖြစ်သည်။

ယင်းမင်္ဂလာဝတ်စုံဖက်ရှင်ပြပွဲတွင် နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် သရုပ်ဆောင် ထက်ထက်မိုးဦး၊ လှယဉ်ကျေး၊ စိုးနန္ဒာကျော် စသည့် အနုပညာရှင်များအပြင် အခြားသရုပ်ဆောင်များနှင့် အလှမယ်များမှ မင်္ဂလာဝတ်စုံဖက်ရှင်ဒီဇိုင်းမျိုးစုံ ဝတ်ဆင်ပြသသွားမည်ဖြစ်သည်။

# ဇနီးချောများကွန်ရက်ဇာတ်လမ်းတွဲ MRTV ရုပ်သံလိုင်းမှ ဇွန် ၁ ရက်တွင် စတင်ပြသမည်

အောင်ပြည်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာအောင်ဩဘာရိုက်ကူးသည့် "ဇနီးချောများ ကွန်ရက်" အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁ ရက်မှစတင်ကာ MRTV ရုပ်သံလိုင်းတွင် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းဇာတ်လမ်းတွဲသည် အောင်ပြည်ထုတ်လုပ်ရေးအတွက် သုံးကားမြောက် ထုတ်လုပ်ရိုက်ကူးသည့် ဇာတ်လမ်းတွဲလည်းဖြစ်သည်။ ထိုဇာတ်လမ်းတွဲနှင့် ပတ်သက်၍ ဒါရိုက်တာအောင်ဩဘာက "မင်းသမီးလေးယောက်ကဖေ့ဘုတ်မှာ ပေ့ချ်ထောင်ထားတယ်၊ သူတို့ကို အိမ်ထောင်ရေး အခက်အခဲတွေကိုမေးကြတယ်၊ အကြံဉာဏ်တောင်းကြတယ်၊ သူတို့ပေးတဲ့ အကြံဉာဏ်နဲ့အဆင်ပြေသွားကြတယ်၊ သူများအိမ်ထောင်ရေးကို အဆင်ပြေအောင်သူတို့က ဆောင်ရွက်ပေးပေမယ့် သူတို့မိသားစုမှာလည်း အဆင်မပြေတာလေးတွေရှိတယ်ဆိုတဲ့ အကြောင်းရိုက်ပြထားတာပါ" ဟု ၎င်းကပြောသည်။

အိမ်ထောင်ရေးပညာပေး ဇာတ်လမ်းအမျိုးအစားဖြစ်သည့် အဆိုပါဇာတ်လမ်းတွဲတွင် အိမ်ထောင်သည်အလှမယ်တစ်ယောက်အဖြစ် သရုပ်ဆောင်မေဘရဏီသော်မှ ပါဝင် သရုပ်ဆောင်သွားမည်ဖြစ်သည်။

"မေသော်တို့ ဒီကားမှာဝတ်မယ့်ဖက်ရှင်တွေနဲ့ ပတ်သက်ပြီး အားလုံးတိုင်ပင်တယ်၊ တစ်ယောက်နဲ့ တစ်ယောက်မတူညီတဲ့ ဖက်ရှင်တွေပြင်ဆင်ထားပါတယ်၊ မေသော်ကတော့ Miss တစ်ယောက်နေရာကသရုပ်ဆောင်ထားပါတယ်၊ ပရိသတ်တွေကိုလည်း ဒီဇာတ်လမ်းတွဲလေးကို အားပေးကြည့်ရှုဝေဖန်ပေးကြပါလို့ ပြောချင်ပါတယ်"ဟု ၎င်းကဆိုသည်။

စာရေးဆရာမ လွန်းထားထား၏ ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားထားသည့် ယင်းဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအနေဖြင့် ဖိုးသောကြာ၊ နေယံ၊ ဇေယျ၊ ကျော်ကျော်၊ စိုးပြည့်သဇင်၊ ခင်သဇင်၊ မြနှင်းရည်လွင်၊ မေဘရဏီသော်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကြောင်း သိရသည်။

မေနှင်းဆီ – စုစည်းသည်။

# အချစ်တစ္ဆေဝေလေလေ ဇာတ်ကား ရန်ကုန်မြို့ သုဝဏ္ဏာတွင်ရိုက်ကူးလျက်ရှိ



စိုးထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မျိုးထူးရိုက်ကူးပြီး သရုပ်ဆောင်များစွာပါဝင်သည့် "အချစ်တစ္ဆေဝေလေလေ" အမည်ရှိ ဇာတ်ကားကို ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏာမြို့နယ် သုခိတာလမ်းရှိ ရှုတင်အိမ်တွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဇာတ်လမ်းပုံစံက မင်းသားက Car Showroom တွေပိုင်တဲ့ သူဌေးသားပေါ့၊ အဖေကနိုင်ငံခြားမှာ၊ သူကအမေနဲ့နေတယ်၊ ရတနာဗိုကကျတော့ မဆင့် သူငယ်ချင်းရဲ့သမီး၊ ဖက်ရှင်ဒီဇိုင်နာသင်တန်းလာတက်တယ်၊ ရိုမန်းစ် ဖန်စီ အချစ်ဇာတ်ကားလေးပါပဲ"ဟု ဒါရိုက်တာမျိုးထူးက အဆိုပါဇာတ်ကားနှင့် ပတ်သက်၍ ရှင်းပြသည်။

ယင်းဇာတ်ကားတွင် အဓိကသရုပ်ဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် စိုးသီဟကလည်း "ဒါကကျွန်တော့်ရဲ့ ငါးကားမြောက်ဇာတ်ကားပါ၊ ဖန်စီဟာသကားလေးပါ၊ ဒီကားကအရင်တုန်းက ကိုလွင်မိုးတို့လည်းရိုက်ဖူးပါတယ်၊ ဒီခေတ်နဲ့ လျော်ညီအောင် ပြန်ရိုက်ထားတာပါ၊ ဒီကားမှာ ကျွန်တော်က ရှုပ်တဲ့ကောင်လေး တစ်ယောက်ပါ၊ ပွေတဲ့ ရှုပ်တဲ့အတွက် ပြန်ပြီးရှင်းရတဲ့ပုံစံလေးပါ၊ ဒီကားလေးကြည့်ပြီး ပရိသတ်တွေရယ်မောပျော်ရွှင်ပြီး ကြည်နူးကြရတယ်ဆိုရင်ပဲ ကျွန်တော်ကြိုးစားရကျိုးနပ်ပါတယ်"ဟု ဆိုကာ ၎င်းပါဝင် သရုပ်ဆောင်ရသည့် အပိုင်းနှင့်ပတ်သက်၍ပြောသည်။

ဇော်ချင်းသစ်၏ ဇာတ်လမ်းကို ချင်းတွင်းတာရာ ဇာတ်ညွှန်းရေးသားထားသည့် ယင်းဇာတ်ကားသည် ဖန်စီဟာသ ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး သရုပ်ဆောင်များအနေဖြင့် သရုပ်ဆောင်စိုးသီဟ၊ မေသန်းနု၊ ရတနာဗို၊ ခရစ္စတီးနား၊ မိုးပွင့်ဖြူဟန်၊ ရွှေရည်သုန်သုန်နှင့် အခြားသရုပ်ဆောင်များစွာပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

# ပြီးပြည့်စုံသည့်ရိုက်ချက်နှင့်အဆင့်မြှင့်ဆန်းသစ်ထားသော AI နည်းပညာစွမ်းဆောင်ရည် အတွေ့အကြုံများကိုဖန်တီးပေးနိုင်မည့် FullView™ V9ကို Vivoမှစတင်မိတ်ဆက်




**ရန်ကုန် ဧပြီ ၂၉**

Vivo သည် AI စွမ်းဆောင်ရည်နှင့်အတူ ပြီးပြည့်စုံသည့် ဓာတ်ပုံရိုက်ကူးမှုများအား ရယူနိုင်သော မျိုးဆက်သစ် စမတ်ဖုန်းအမျိုးအစား တစ်ခုလည်းဖြစ်ပြီး FullView™ Display နှင့် ၉၀ ရာခိုင်နှုန်း screen-to-body အချိုးအစားလည်းဖြစ်သည့် V9 ကို ပြည်တွင်းဈေးကွက်တွင် တရားဝင် မိတ်ဆက်လိုက်ပြီဖြစ်ရာ မိတ်ဆက်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက်က ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပခဲ့သည်။ ကျစ်လျစ်ပါးလျပြီး တောက်ပြောင်သော ကိုယ်ထည်နှင့် ထုတ်လုပ်ထားသော V9 သည် သုံးစွဲသူများ အားလုံးအတွက် လွယ်ကူလျင်မြန်ပြီး ပြီးပြည့်စုံသော ဓာတ်ပုံကောင်းများရရှိဖို့ရန် အထူးလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

V9 ၏ ဒီဇိုင်းမှာ သမားရိုးကျ ၅ ဒသမ ၅ လက်မ ဖုန်းများ အတိုင်းဖြစ်သော်လည်း အမှန်တကယ်တွင် မြင်ကွင်းမျက်နှာပြင်မှာ ၆ ဒသမ ၃ လက်မအထိ ရှိမည်ဖြစ်ကာ လက်ဖြင့်ကိုင်တွယ်ရာတွင် သက်သောင့်သက်သာရှိမှုကို ခံစားရမည်ဖြစ်သည်။ V7⁺ ဖုန်းနှင့် နှိုင်းယှဉ်ပါက V9 သည် မျက်နှာပြင် အရွယ်အစား ၅ ဒသမ ၂ ရာခိုင်နှုန်းခန့် ပိုကျယ်သည်။ ကိုယ်ထည်ဘေးဘက် ဆောက်ပြားအသွားကိုလည်း ၁၉ ရာခိုင်နှုန်းအထိ လျှော့ချထားပြီး ၁ ဒသမ ၇၅ မီလီမီတာခန့်သာရှိသည်။ ကိုယ်ထည်အား သေသပ်လှပသော အချိုးအကွေ့များဖြင့် တည်ဆောက်ပြုလုပ်ထားသောကြောင့် အမြင်ပိုင်းမှာ ဆွဲဆောင်မှုရှိသကဲ့သို့ လက်တွေ့ကိုင်တွယ်အသုံးပြုရာတွင်လည်း ပေါ့ပါးပြီး လက်ဖဝါးနှင့် တစ်သားတည်းဖြစ်နေသကဲ့သို့ ခံစားရမည်ဖြစ်သည်။

ထို့ပြင် အဆင့်မြင့်နည်းပညာဖြစ်သည့် AI နည်းပညာကို ထောက်ပံ့ပေးထားသောကြောင့် သုံးစွဲသူများအနေဖြင့် AI Face Beauty၊ AI Smart Engine နှင့် AI Selfie Lighting စသည့် AI နည်းပညာသုံး နောက်ဆုံးပေါ် အင်္ဂါရပ်များပါဝင်သော မိုဘိုင်းဖုန်းအတွေ့အကြုံများကို ရရှိခံစားနိုင်မည်ဖြစ်သည်။

"AI ကို အဓိကသော့ချက်အဖြစ် အသုံးပြုအားထားပြီး သုံးစွဲသူတွေကို အကောင်းဆုံးစိတ်ဝင်စားမှုတွေ၊ စိတ်ကြိုက်ဖန်တီးနိုင်မှုတွေ ပေးစွမ်းနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ အသုံးပြုသူတိုင်းဟာ အချိန်မရွေး၊ နေရာမရွေးအခြေအနေအမျိုးမျိုးမှာ ကိုယ့်ရဲ့အကောင်းဆုံးပုံရိပ်တွေကို လွယ်လွယ်ကူကူနဲ့ ရယူပြီး ပြန်လည်ဖော်ပြနိုင်ပါပြီ။ ပြီးပြည့်စုံတဲ့ရိုက်ချက်ကို အလွယ်ကူဆုံး၊ အသက်သာဆုံးရရှိတာတင်မကဘဲ FullView™ Display ကြောင့်လည်း ပြီးပြည့်စုံတဲ့အမြင်ကို ရယူခံစားနိုင်ပါပြီ"ဟု Vivo Mobile Myanmar Co.,Ltd. ၏ Digital PR Manager ဖြစ်သူ ဦးထွန်းထွန်းဝင်းက ရှင်းပြသည်။

AI စွမ်းဆောင်ရည်သုံး ကင်မရာအသစ်မှာ Vivo ၏ စမတ်ကျသော မိုဘိုင်းလ်ဖုန်းဓာတ်ပုံရိုက်ကူးမှု အတွေ့အကြုံပေးခြင်းဆိုသည့် ရည်မှန်းချက်ကို V9 ၏ ကြည်လင်ပြတ်သားသော 24MP ရှိသည့် အရှေ့ကင်မရာနှင့် 16MP+5MP အနောက်ကင်မရာနှစ်လုံးတို့က အပြည့်အဝသက်သေပြ ဖော်ဆောင်ပေးနေပြီး နောက်ဆုံးပေါ် Android 8.1 OS နှင့် Qualcomm Snapdragon 626 octa-core processor, 4GB RAM, 64GB ROM တို့နှင့် ထုတ်လုပ်ထားသောကြောင့် စွမ်းဆောင်ရည်ပိုင်း အထူးကောင်းမွန်သည်။

V9 အား ပုလဲနက်ရောင်ဖြင့် ထုတ်လုပ်ထားရာ ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အတွင်း Pre-order တင်နိုင်ကာ မေ ၅ ရက်မှစတင်ပြီး ၃၉၉၀၀၀ ကျပ်ဈေးနှုန်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ Vivo Showroom များနှင့် Vivo ကောင်တာရှိသော အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပေါက်ကြီး**

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

**ကျောင်းတည်နေရာ** MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုလ်တောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**ဆက်သွယ်ရန်** ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀ ၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၉၆၁၇၇၁၅၄၅၁

**ကျောင်းပုံစံနှင့် ပြင်ဆင်မှု**
- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း၊ ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း၊ ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။ စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ**
- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည်ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမကျိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

**ကျောင်းချိန်နှင့် အဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်**
- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- အဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)
- လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမြှုပ်နှံကာ ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်။

ပညာရေး ကမ္ဘာတွင် နှစ်ပေါင်း ၄၀ ကျော်တိုင် ဂုဏ်သရေ နှင့် တကွ အစွန့် ရှည်ကြာခဲ့ပြီ

ဂုဏ်ထူး ဦးအောင်ခိုင် ESSAYS & LETTERS
ဂုဏ်ထူးဦးအောင်ခိုင် BASIC GRAMMAR
Grade 10 English ၁၀ တန်း အင်္ဂလိပ်စာ

# ဂုဏ်ထူး ဦးအောင်ခိုင်

စာသင်သား လက်စွဲ စာအုပ်များ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။
01 252 919, 09 964 252 919

Grade 9 English ၉ တန်း အင်္ဂလိပ်စာ
Grade 8 English Reader Eight
Grade 4 English Reader Four




# အရောင်း ကိုယ်စားလှယ်များ အလိုရှိပါသည်။

မလေးရှားနိုင်ငံတွင် Nissan ၏ လုပ်ပိုင်ခွင့်များကို နှစ်ပေါင်း ၆၁-နှစ်ကျော် ရရှိထားသည့် Tan Chong Motor Holdings Berhad ( TCMH ) သည် ယခုအခါ အင်ဒိုချိုင်းနား ဈေးကွက်အတွင်း ချဲ့ထွင်ဝင်ရောက်လျက်ရှိပါသည်။ TCMH သည် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ နှင့် ဗီယက်နမ်နိုင်ငံများတွင်ရုံးခွဲများ ဖွင့်လှစ်ထားပြီး မော်တော်ယာဉ်ဈေးကွက်၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှာရှိတဲ့ Nissan ရဲ့ တစ်ဦးတည်းသော ဖြန့်ချိသူ Tan Chong Motor အနေနဲ့ ဆန်းသစ်သောထုတ်ကုန်နှင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများအတွက် Nissan ရဲ့ ရှေးရိုးအစဉ်အလာနှင့် စိတ်အားထက်သန်မှုနှင့်အတူများစွာသော ထောက်ပံ့ကူညီမှု အစီအစဉ်တွေအများကြီး ရှိပါတယ်။ အခုချက်ချင်း Tan Chong Motor နှင့် Nissan တို့၏ Dealer အနေနဲ့ လက်တွဲလိုက်ပါ။

ကျွန်တော်များ နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဈေးကွက်ချဲ့ထွင် နိုင်မှုများကို စိတ်အားထက်သန်စွာအတူတကွ အားအင်စိုက်ထုတ်ပြီး အကောင်အထည်ဖော်ဆောင် လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။

တိုးတက်အောင်မြင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ချဲ့ထွင်မှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျွန်ုပ်တို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် သင့်အားဖိတ်ခေါ် လိုက်ပါသည်။ အောက်ဖော်ပြပါ ဒေသများတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ရောင်းအားမြင့်မားလှသော အရောင်းကိုယ်စားလှယ်များကို ကြိုဆိုလျက်ရှိပါသည်။...

• မော်လမြိုင် • ပြည် • ရန်ကုန် • မကွေး • တောင်ကြီး

အသေးစိတ်အချက်အလက်များ စုံစမ်းရန်နှင့် အရောင်းကိုယ်စားလှယ်လျှောက်ထားသည့်ပုံစံ ရယူလိုသူများ ကိုထင်ဇော် ဖုန်းနံပါတ် ၀၉-၄၂၀ ၁၅၆ ၁၆၅ (သို့)
htin.zaw@tanchonggroup.com သို့ email ပို့၍ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

EDARAN TAN CHONG MOTOR (MYANMAR) CO., LTD.
/NissanMyanmar
nissan.com.mm

# ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရတနာ နဝရတ်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အထွတ်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန်　မေ　၂၉**

ရန်ကုန်မြို့ ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရတနာ နဝရတ် စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေသား ရွှေထီးတော် အထွတ်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နန်းဦးဘုရားကြီးတန်ဆောင်း၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ပရိသတ်က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ် သဲများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြပက် ချည်နှောင် တားဆီးကာရံကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✿

## မြန်မာနှင့် ဘရူနိုင်းအသင်း ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲ ယနေ့ကစားမည်

**ရန်ကုန်　မေ　၂၉**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို မေ ၃၀ ရက်(ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေးအဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် အိမ်ရှင်ဘရူနိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နောက်ဆုံးပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်း၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(က)ပွဲတွင် ထိုင်းအသင်းနှင့် တီမောအသင်း တစ်ဂိုးစီသရေကျခဲ့သောကြောင့် ထိုင်းအသင်းသည် နှစ်မှတ်ဖြင့် အုပ်စုမှထွက်ခဲ့ရပြီဖြစ်သည်။ ယခုပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာနှင့် တီမောအသင်းက လေးမှတ်စီ၊ ဘရူနိုင်းအသင်းက သုံးမှတ်၊ ထိုင်းအသင်းက နှစ်မှတ်ရထားသည်။ တီမောနှင့် ထိုင်းအသင်းသည် ပွဲကုန်သွားပြီဖြစ်ပြီး မြန်မာနှင့် ဘရူနိုင်းအသင်းမှာ တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။ ထို့ကြောင့် မြန်မာအသင်းသည် ယနေ့ယှဉ်ပြိုင်မည့်ပွဲတွင် သရေကျရုံဖြင့် အုပ်စုပထမရမည်ဖြစ်ပြီး လေးဂိုးပြတ်ရှုံးနိမ့်မှသာ အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ မြန်မာအသင်း အနိုင်ရပါက တီမောအသင်း ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်ပြီး အိမ်ရှင်ဘရူနိုင်းအသင်းသည် အနိမ့်ဆုံး သရေရမှသာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ အုပ်စု (ခ) ပွဲစဉ်များတွင် စင်ကာပူက လာအိုကို ငါးဂိုး-တစ်ဂိုး၊ လာအိုက ကမ္ဘောဒီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး သုံးမှတ်စီရထားသည့် စင်ကာပူနှင့် လာအိုတို့ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းနေသည်။

**ရဲရင့်ရှိုင်း**

## ထိန်ပင် အမှိုက်ပုံမီး နောက်သုံးရက်အကြာတွင် အပြီးသတ်ငြိမ်းသွားရန် ဇွန်လေးဇွန် သတ်မှတ်ဆောင်ရွက်နေ

စာမျက်နှာ - ၁၀

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

(KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ရွှေပင်နားမှ ရွှေကျေး

■ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခံခဲ့ပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မှချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ)တစ်ခုတွင် သင်ယူနိုင်သည်။

မေ ၃၀ ရက် ဖွင့်ပြီ

ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ

ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဥတ္တရာတိအိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)

◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စဉ် နှစ်ဆုံး သင်နေကြလို့ပါပဲ။

အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူး ဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါလ်)
◆ ဂုဏ်ထူး ဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ခိုင်းစိန်မြင့်အောင်

အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။

နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။

အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဖါရင် GUIDE များနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၃၀၊ ၂၀၁၈ (တနင်္လာနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယ (၁)နှစ်တာ

● တွေ့ဆုံမေးမြန်း - ခင်ရတနာ


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးကြီးသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး နိုင်ငံအကျိုးကိုလည်း ရှေ့ရှုဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်သည်။ အစိုးရ၏သက်တမ်းသည် ဒုတိယတစ်နှစ်တာတိုင်ခဲ့ပြီဖြစ်သည်။ လာမည့်ကာလအတွင်း ပြည်သူများ၏ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် နိုင်ငံ့ဘဏ္ဍာများ ပိုမိုသုံးစွဲပေးတော့မည်ဟုလည်း သိရှိရသည်။ သို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အစိုးရနှစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။**

**ဦးကျော်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ ။ ပထမဦးစွာ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူစဉ်ကာလ နိုင်ငံရဲ့ဘဏ္ဍာရေးအခြေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်မှုအကြောင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ကျွန်တော်တို့ စတင်တာဝန်ယူစဉ်ကာလ နိုင်ငံရဲ့ဘဏ္ဍာငွေအရ၊ အသုံးပိုင်းမှာ လိုငွေပြနေတဲ့ ဘဏ္ဍာငွေအခြေအနေတွေရှိသလို အခြားနိုင်ငံတွေနဲ့ ပေါင်းစပ်ပြီး ကုန်သွယ်မှုတိုးတက်မှုအပိုင်းမှာလည်း လိုငွေပြနေတဲ့ ကုန်သွယ်မှုကို မြင်တွေ့ရပါတယ်။ သဘောကတော့ ပို့ကုန်နဲ့ သွင်းကုန် အချိုးအစား မမျှတခဲ့ပါဘူး။ နိုင်ငံခြားငွေလဲလှယ်နှုန်းတွေ မတည်မငြိမ်နဲ့ မြင့်မားနေပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေထဲက အရေးပါတဲ့ လုပ်ငန်းအချို့မှာ လေး၊ ငါးနှစ်တန်သည်အထိ အရှုံးပေါ်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ Deficit (လိုငွေဘတ်ဂျက်) ဖြစ်နေပါတယ်။ ဒါတင်မကသေးပါဘူး။ ၁၉၈၈ ခုနှစ်မတိုင်မီက ချေးယူထားတဲ့ ချေးငွေ၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် ချေးငွေတွေ၊ လက်ရှိကာလ ချေးယူတဲ့ ချေးငွေတွေ ရှိပါတယ်။ ကာလကျရောက်လို့ အတိုးအရင်း ပြန်ဆပ်ရမယ့်ချေးငွေတွေကို ပေးဆပ်စရာအများကြီးနဲ့ အချိန်မှန် ပေးဆပ်နိုင်ဖို့က ဦးစားပေး ဖြေရှင်းရမယ့် လုပ်ငန်းဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

**မေး။ ။ အစိုးရသက်တမ်း နှစ်နှစ်တာကာလမှာ ငွေကြေးတည်ငြိမ်စေရေးနဲ့ ချေးငွေကိစ္စရပ်တွေအပေါ် ဆောင်ရွက်ခဲ့တာတွေလည်း သိပါရစေ။**

ဖြေ။ ။နိုင်ငံတစ်နိုင်ငံဟာ ချေးငွေရယူပြီး အချိန်မှန်မှန်ပြန်ဆပ်မှသာ ပုံရိပ်ကောင်းတဲ့ နိုင်ငံ ဖြစ်လာမှာမို့ ချေးငွေတွေကို သတ်မှတ်ကာလအတွင်းမှာ အပြည့်အဝပြန်လည်ပေးဆပ်နိုင်ဖို့ကိုလည်း ကျွန်တော်တို့တာဝန်ယူစကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားငွေ လဲလှယ်နှုန်းကိုလည်း ဝန်ကြီးဌာနနဲ့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ်ပြီး တည်ငြိမ်အောင် ဆောင်ရွက်ခဲ့တဲ့အတွက် ယခုအခါမှာ ကာလအတော်ကြာ တည်ငြိမ်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်တွင်းဘဏ်တွေကိုလည်း ဖြတ်သန်းတဲ့ ကာလတစ်လျှောက် သူတို့ဆောင်ရွက်ခဲ့ပုံတွေကို နည်းလမ်းတကျ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်စွမ်းရှိဖို့ ဗဟိုဘဏ်နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်တဲ့ စီမံခန့်ခွဲမှုတွေနဲ့ ပြုပြင်ပြောင်းလဲရေးတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်း အသေးစားနဲ့ အလတ်စားလုပ်ငန်း (SMEs) တွေရဲ့ အရေးပါပုံကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံရဲ့စီးပွားရေးပုံစံဟာ ကုန်သွယ်မှုအခြေခံစီးပွားရေး Trade Base Model ဖြစ်ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းရှိသော်လည်း ပြည်တွင်းသုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်တဲ့ ထုတ်လုပ်မှုမဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ နည်းပညာများမြင့်မားခြင်းတို့ကြောင့် ပြည်ပက တင်သွင်းတဲ့ သွင်းကုန်ဟာ ပြည်တွင်းထုတ်လုပ်မှုကို လွှမ်းမိုးနေပါတယ်။ ပြည်တွင်းစက်မှုလုပ်ငန်း SMEs (အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ)ဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးနောက်ကျနေပါတယ်။ ဒီလို ပြည်ပသွင်းကုန်တွေကနေ ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းတာဟာ ကုန်သွယ်မှုကိုအခြေခံတဲ့ Trade Base Model ဖြစ်တဲ့အတွက် SMEs ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မေး။ ။ ပြည်တွင်း SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ နည်းလမ်းတွေနဲ့ အစိုးရရဲ့ ကူညီပံ့ပိုးပေးမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် ထုတ်လုပ်မှုကို အခြေခံတဲ့ စီးပွားရေးပုံစံဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် SMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သူတို့ထုတ်ကုန်တွေကိုပြည်တွင်းမှာ ဈေးကွက်အခိုင်အမာနဲ့ တည်ငြိမ်ဖို့လိုပါတယ်။ သူတို့လုပ်ငန်းတွေ လည်ပတ်မှုအားကောင်းဖို့အတွက် ငွေကြေးလိုအပ်မှုကို နိုင်ငံတော်က ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ပြည်ပက နည်းပညာတွေကို အသုံးချပြီး ထုတ်လုပ်နေတဲ့ ကုန်စည်တွေရဲ့ အရည်အသွေးပိုင်းဖြစ်စေ၊ အရေအတွက်ပိုင်းဖြစ်စေ ယှဉ်ပြိုင်နိုင်ဖို့ ထုတ်လုပ်မှုဘဏ္ဍာငွေ လိုအပ်ချက်ကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးဖို့လိုပါတယ်။ ယခုသတ်မှတ်ထားတဲ့ ချေးငွေနှုန်းထားတွေက လုပ်ငန်းတွေအတွက် မြင့်မားနေတာကိုလည်း နှိမ့်ချပေးပြီး သင့်တော်တဲ့ ချေးငွေနှုန်းထားတွေကို ပေးနိုင်မှသာ ထုတ်လုပ်မှုလုပ်ငန်းတိုးတက်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် နည်းပညာလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဖို့လိုအပ်ပါတယ်။ ပြည်တွင်းက SMEs လုပ်ငန်းတွေ တိုးတက်နိုင်ဖို့ ဆောင်ရွက်စရာတွေ အများကြီး ရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့သိပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့လုပ်ငန်းတွေအတွက် ဈေးကွက်ခိုင်မာဖို့ကို အစိုးရအနေနဲ့ ဝင်ရောက်ရပ်တည်ပြီး ဆောင်ရွက်ပေးမယ့် နည်းလမ်းတွေလည်း ရှိပါတယ်။ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်နဲ့အညီ စံချိန်စံညွှန်း၊ အရည်အသွေး၊ အရေအတွက်ရှိတဲ့ လုပ်ငန်းတွေအတွက် အစိုးရက ပြည်တွင်းထုတ်ကုန်တွေကို သုံးစွဲရမယ်ဆိုပြီး ပံ့ပိုးမှုပေးနိုင်မယ်ဆိုရင် SMEs တွေအတွက် ခိုင်မာတဲ့ ထုတ်လုပ်မှုလမ်းကြောင်း ရရှိမှာဖြစ်ပါတယ်။

ပြည်ပသွင်းကုန် အစားထိုးဖို့အတွက် SMEs တွေကို လမ်းကြောင်းပေါ်တင်ပေးနိုင်ခဲ့ရင် ပြည်ပကတင်သွင်းတဲ့ ကုန်ပစ္စည်းလျှော့ချနိုင်ပြီး ပို့ကုန်/သွင်းကုန် ကွာဟချက်နဲ့ နိုင်ငံခြားသုံးငွေ ပြည်ပကို စီးထွက်မှုနှုန်းကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်ကို

အထူးကဏ္ဍ [ ခ ] သို့ »»


ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်ဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်။



အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်။

»» အထူးကဏ္ဍ [ က ] မှ

လျှော့ချနိုင်မယ်၊ လျှော့ချတဲ့နေရာမှာ ကုန်ကြမ်းတွေကို နိုင်ငံခြားကနေ တင်သွင်းတဲ့နေရာမှာ အခွန်အခတွေကို လျှော့ချပေးမယ်ဆိုရင် ထုတ်လုပ်မှုစရိတ်ကျဆင်းလာပြီး လုပ်ငန်းတွေ ကောင်းမွန်လာနိုင်ပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနဲ့ ပတ်သက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ နိုင်ငံတော်ရဲ့ဘေးဝန်းကျင်က အိမ်နီးချင်းနိုင်ငံတွေဟာ လူဦးရေများစွာနေထိုင်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ အဓိကလိုအပ်ချက်က စားသုံးမှု၊ စားသုံးကုန်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံက လယ်ယာလုပ်ငန်းတွေ၊ သားငါးလုပ်ငန်းတွေအတွက် အခြေခံကောင်းတွေရှိပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ လုပ်ငန်းရှင်တို့အားလုံး စုပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်ကို စိုက်ပျိုးရေး အခြေခံစက်မှုနိုင်ငံအဖြစ် ထူထောင်ဖို့ ဦးတည်ချက်ရှိပါတယ်။

လယ်ယာကဏ္ဍအတွက် ထောက်ပံ့ပေးနေတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ စိုက်ပျိုးစရိတ်ချေးငွေတွေနဲ့ သီးနှံအမျိုးအစားတွေ တိုးမြှင့်ပေးခဲ့ပေမယ့် လယ်ယာကဏ္ဍကြီးတစ်ရပ်လုံး စိုက်ပျိုးမြေပြင်ရာကနေ စိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့ အဆင့်အထိ ပံ့ပိုးဆောင်ရွက်ဖို့ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ တောင်သူလယ်သမားတွေ ပါဝင်လာမယ့် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြင့်မားလာဖို့ ပံ့မှန်ချေးငွေနဲ့တင်မက စိုက်ပျိုးရေးပိုင်း၊ သွင်းအားစုပိုင်း၊ ရိတ်သိမ်းကြိတ်ခွဲ၊ တင်ပို့ရောင်းချမှုအားလုံးမှာ မြှင့်တင်ဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ဖွံ့ဖြိုးရေးဘဏ်အဖြစ် ပြန်လည်ထူထောင်ပြီး သက်သာတဲ့အတိုးနှုန်း၊ သက်သာတဲ့ချေးငွေနဲ့ ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။

သားငါးကဏ္ဍမှာဆိုရင် နိုင်ငံခြားတင်ပို့ရာမှာ အထူးကုန်စည်ခွန်ဥပဒေကို ဖယ်ရှားပေးခဲ့ပြီး မွေးမြူရေးထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်တွေကို လိုအပ်တဲ့ချေးငွေတွေ အလုံအလောက်ဖြည့်ဆည်းပေးဖို့လည်း စီမံထားရှိပြီး ဖြစ်ပါတယ်။ ဆီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံဟာ ဆီကိုသုံးစွဲတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး ဆီထုတ်လုပ်မှုအားကတော့ အားရကျေနပ်ဖွယ် မရှိသေးပါဘူး။ ကမ်းရိုးတန်းရှည်လျားစွာ ရှိနေပေမယ့် ကမ်းရိုးတန်းတစ်လျှောက် အုန်းတောတွေမှာ အုန်းဆီထုတ်လုပ်ဖို့ ယနေ့အထိ ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ထိုနည်းတူ စပါးကထွက်တဲ့ ဖွဲနုဆီစက်တွေဟာ ယခင်ကရှိခဲ့ပေမယ့် ပြန်လည်ဆန်းသစ်ပြီး ထုတ်လုပ်နိုင်စွမ်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဆီစက်လုပ်ငန်းရှင်တွေ၊ ဆီကုန်သည်တွေနဲ့တွေ့ဆုံပြီး အရည်အသွေးပြည့်ဝတဲ့ ဆီကောင်းဆီသန့်တွေ ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်နေတာရှိပါတယ်။

**မေး။ ။ နိုင်ငံအတွင်းက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံတော်ကနေ ဆောင်ရွက်ပေးမှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံတွင်းမှာရှိတဲ့ အခြားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းတွေအားလုံးကို နိုင်ငံတော်အစိုးရက အဘက်ဘက်ကနေ အပြည့်အဝ ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဥပမာပြောရရင် ပြည်ပက သကြားတင်သွင်းကြတယ်။ အမှန်တော့ ပြည်တွင်းမှာ ကြံစိုက်ပျိုးနိုင်တဲ့ ဧကတွေ အများကြီးရှိနေတယ်။ ကြံကနေထွက်လာတဲ့ သကြားကို အရည်အသွေးပြည့်ဝတဲ့ထုတ်ကုန်ဖြစ်ဖို့ ခေတ်မီတဲ့စက်ရုံတွေ လိုအပ်ပါတယ်။ အခြားဥပမာပေးရရင် မြစ်ဝကျွန်းပေါ်ဒေသတွေမှာ နေလှန်းဆားလုပ်ငန်းက တစ်ချိန်က ကျယ်ပြန့်စွာရှိခဲ့တယ်။ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှာ လုံးဝပျောက်ကွယ်လုဖြစ်လာတယ်။ ဒါကြောင့် ယခုအခါ တစ်ဖက်နိုင်ငံက ဆားကို တင်သွင်းရတဲ့အနေအထားဖြစ်လာတယ်။ ဒါကြောင့် ပြည်တွင်းလိုအပ်ချက်တွေကို ပြည်တွင်းမှာ ပြန်လည်ထုတ်လုပ်နိုင်ဖို့ အခြေခံစီးပွားရေးပုံသဏ္ဌာန်ကို ပြောင်းပြီး သွင်းကုန်တွေကိုလျှော့ချဖို့ ကြိုးပမ်းနေရခြင်းဖြစ်ပါတယ်။

ဒီအတွက် သွင်းကုန်အစားထိုးလုပ်ငန်းတွေ တိုးတက်လာဖို့ ပြည်တွင်း SMEs တွေကို နိုင်ငံတော်ကလည်း အားပေးကူညီမယ်၊ လုပ်ငန်းလုပ်ကိုင်လိုသူတွေကလည်း ကြိုးစားဆောင်ရွက်ပေးကြဖို့နဲ့ ဒါမှသာ ကျွန်တော်တို့ ပိုပြီးစီးပွားရေးအခြေခံကောင်းတွေ ပိုင်ဆိုင်မှာဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတော်ရဲ့ စီးပွားရေးဆိုင်ရာ စီမံကိန်းတွေ ဘတ်ဂျက်တွေရေးဆွဲတဲ့အပိုင်းနဲ့ ဆောင်ရွက်မှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ အခွန်အခနဲ့ပတ်သက်ရင် နိုင်ငံတော်က တိုက်ရိုက်ကောက်ခံတဲ့ အခွန်တွေကို လျှော့ချပြီး သွယ်ဝိုက်ပြီး ကောက်ခံရမယ့် အခွန်တွေကို ပိုပြီး ဦးစားပေးဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ သွယ်ဝိုက်ခွန်တွေကိုပဲ ဦးစားပေးပြီးတော့ နိုင်ငံတော်ရဲ့လိုအပ်တဲ့ ဝင်ငွေနဲ့ရငွေတွေကို ရှာဖွေပြီး အရေးပါတဲ့ နိုင်ငံရဲ့ဦးစားပေးလုပ်ငန်းတွေကို ဘဏ္ဍာငွေ အစီအမံတွေနဲ့ စနစ်ကျတဲ့ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်နေပါတယ်။ စီမံကိန်းတွေ ရေးဆွဲတဲ့နေရာမှာ ဖက်ဒရယ်မူကို အခြေခံတဲ့ အောက်ခြေအဆင့်ဆင့်ကို အခြေခံပြီး ရေးဆွဲတဲ့စီမံကိန်းရည်မှန်းချက်တွေကို နိုင်ငံတော်တစ်ရပ်လုံးရဲ့ စီးပွားရေးစီမံကိန်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေရဲ့ ကိန်းဂဏန်းတွေမှန်ကန်ဖို့ ဦးတည်ရေးဆွဲနေပြီး အကောင်အထည်ဖော်ရာမှာလည်း အချိန်ကာလအပိုင်းအခြားအလိုက် လိုအပ်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပြည့်ဝဖို့အတွက် လိုအပ်တဲ့အသုံးစရိတ်နဲ့ ဘတ်ဂျက်ကို စနစ်တကျချိန်ကိုက်ရေးဆွဲသွားမှာဖြစ်ပါတယ်။ စီမံကိန်းအနေနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ အရအသုံးတွေဟာ တစ်ပြေးညီချိတ်ဆက်ပြီး အကောင်အထည်ဖော်တဲ့ စီမံကိန်းတွေဖြစ်ဖို့၊ လက်တွေ့မြေပြင်အခြေအနေနဲ့ နီးစပ်တဲ့ စီမံကိန်းတွေဖြစ်ဖို့၊ ကိန်းဂဏန်းတွေကွဲလွဲမှုမရှိဘဲ အမှန်ကိန်းဂဏန်းတွေကို ကိုယ်စားပြုတဲ့ စီမံကိန်းတွေဖြစ်ဖို့ ဦးတည်ဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတကာနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထား၊ မြန်မာနိုင်ငံရဲ့ ဖြစ်တည်နေတဲ့ နေရာဒေသကို မူတည်ပြီးတော့ မကြာခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ တရုတ်-မြန်မာ စီးပွားရေးကော်ရစ်ဒါကြောင့် အခွင့်အလမ်းကောင်းတွေလည်း ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ GMS ဖြစ်တဲ့ မဲခေါင်ဒေသတွင်း နိုင်ငံများရဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ၊ CLMV ဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတွေ ပေါင်းစပ်ပြီးလုပ်ရမယ့် လုပ်ငန်းစဉ်တွေ၊ အာဆီယံအဖွဲ့အစည်း အတွင်းမှာရှိတဲ့ လုပ်ငန်းစဉ်တွေကို ယှဉ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ အနောက်ဘက် ကမ်းရိုးတန်းတစ်ခုလုံးက ကမ္ဘာ့အနောက်ဘက်ခြမ်းကို ပေါင်းစပ်နိုင်တဲ့ အဓိကကျတဲ့ တံခါးပေါက်ကြီးဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံနဲ့ ပေါင်းစပ်ဆောင်ရွက်နေတဲ့ Economic Corridor၊ ထိုင်းနိုင်ငံနဲ့ ပေါင်းစပ်ဆောင်ရွက်သွားမယ့် ထားဝယ်စက်မှုဇုန် လုပ်ငန်းတွေစတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ နောင်ကာလတိုအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမှာပါ။

**မေး။ ။ တရုတ်နိုင်ငံနဲ့ပေါင်းစပ်ဆောင်ရွက်မယ့် Economic Corridor ရဲ့ စီးပွားရေးစကြီမှာ မြန်မာလုပ်ငန်းရှင်တွေအတွက် ဘယ်လိုအခွင့်အရေးတွေ ရရှိနိုင်မလဲရှင့်။**

ဖြေ။ ။ ဒီနေရာမှာ နိုင်ငံတော်အဆင့်နဲ့ ဆောင်ရွက်မယ့်လုပ်ငန်းတွေ ပါဝင်သလို အချို့လုပ်ငန်းတွေမှာ နိုင်ငံတော်နဲ့ပူးပေါင်းပြီး ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမယ့်လုပ်ငန်းတွေပါဝင်လာမှာဖြစ်ပါတယ်။ အချို့လုပ်ငန်းတွေကတော့ PPP လို့ပြောလို့ရတဲ့ Private ကဏ္ဍမှာ ပုဂ္ဂလိက ကဏ္ဍကပဲ သီးသန့်ဆောင်ရွက်မယ့် လုပ်ငန်းတွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေက နိုင်ငံတော်ရဲ့ ကာလရှည်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှာ အထူးအရေးပါတဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမယ်လို့ မျှော်လင့်လို့ရပါတယ်။

**မေး။ ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကနေ ပြည်သူတွေလူနေမှုဘဝ မြင့်မားတိုးတက်စေဖို့ ဆောင်ရွက်ပေးမယ့်လုပ်ငန်းစဉ်တွေ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါတဲ့ လျှပ်စစ်စွမ်းအားကဏ္ဍကိုလည်း သက်ဆိုင်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ကြတဲ့ အစီအမံတွေနဲ့ ပေါင်းစပ်ပြီးတော့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍမှာဆိုရင်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေဖို့၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချဖို့နဲ့ စက်မှုနိုင်ငံတော်ကို ထူထောင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့အညီ ဆောင်ရွက်နေပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ ၁၂ ရပ်အနက်မှာလည်း e-Government လုပ်ငန်း

အထူးကဏ္ဍ [ ဂ ] သို့ »»

“စီမံကိန်းတွေရေးဆွဲတဲ့နေရာမှာ ဖက်ဒရယ်မူကို အခြေခံတဲ့ အောက်ခြေအဆင့်ဆင့်ကို အခြေခံပြီး ရေးဆွဲတဲ့စီမံကိန်းရည်မှန်းချက်တွေကို နိုင်ငံတော်တစ်ရပ်လုံးရဲ့ စီးပွားရေး စီမံကိန်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေရဲ့ ကိန်းဂဏန်း တွေမှန်ကန်ဖို့ ဦးတည်ရေးဆွဲနေပြီး အကောင်အထည်ဖော်ရာမှာလည်း အချိန်ကာလ အပိုင်းအခြားအလိုက် လိုအပ်တဲ့ရည်မှန်းချက်ပန်းတိုင်ကို ပြည့်ဝဖို့အတွက် လိုအပ်တဲ့ အသုံးစရိတ်နဲ့ ဘတ်ဂျက်ကို စနစ်တကျ ချိန်ကိုက်ရေးဆွဲသွားမှာဖြစ်ပါတယ်။”

»»» အထူးကဏ္ဍ [ ခ ] မှ

စဉ်တွေ၊ Data ID အချက်အလက်တွေကို ကျင့်သုံးနိုင်ဖို့ဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် အခြား တိုးတက်နေတဲ့နိုင်ငံများနဲ့အညီ နည်းပညာပိုင်းဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာလည်း ပြည်ပက ချေးငွေရယူဆောင်ရွက်တဲ့အခါ ကာလအပိုင်းအခြားအလိုက် ပြန်လည်ပေးဆပ်ရမယ့် ငွေကြေးတွေကို တိတိကျကျမှန်မှန်ကန်ကန် ပေးဆပ်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ပြီးတော့ မြှင့်တင်ပေးနေတာဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံက ပြည်သူတွေအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ အစိုးရနှစ်နှစ်တာကာလတာဝန်ယူမှုအပိုင်းကိုရော ဘယ်လိုများဖြည့်စွက်တင်ပြလိုပါသလဲရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ လူဦးရေပုံစံအချိုးအစားမှာ အလုပ်လုပ်နိုင်တဲ့ သက်တမ်းရှိ လူငယ်လူရွယ်တွေ အများကြီးရှိပါတယ်။ သို့သော် နိုင်ငံတွင်း အလုပ်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းနည်းပါးနေတာကြောင့် ကျေးလက်မှာ အလုပ်လုပ်နိုင်တဲ့ လူဦးရေနည်းပါးလာတာကိုတွေ့ရပါတယ်။ SMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာလည်း ခေတ်မီနည်းပညာတွေကို အသုံးပြုလက်ခံပြီး ကျင့်သုံးနိုင်မယ့် စွမ်းရည်ရှိပြီး အရည်အသွေးရှိသူတွေ ရှိဖို့လိုအပ်နေပါတယ်။ ဒါကြောင့် လူငယ်တွေကို စွမ်းဆောင်ရည် မြင့်မားတဲ့ လူငယ်တွေဖြစ်လာဖို့ ပညာရေး၊ လူမှုရေးနဲ့ ကျန်းမာရေးကဏ္ဍများပေါင်းစပ်ပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ ဦးစားပေးပြီး သုံးစွဲသွားမှာဖြစ်ပါတယ်။

ဝန်ကြီးဌာနကနေ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရာမှာ သက်တမ်းကာလအတွင်း နိုင်ငံရဲ့ ပကတိအခြေအနေတွေကို စဉ်းစားသုံးသပ်ပြီး ဦးစားပေးဆောင်ရွက်ရမယ့် မဟာဗျူဟာလုပ်ငန်းတွေကို ဆောင်ရွက်မယ့်ကာလ၊ အရည်အသွေးနဲ့ ရှိတဲ့စွမ်းအားတွေကို အခြေခံပြီး တစ်ဖက်မှာလည်း လွှတ်တော်အဆင့်ဆင့်ကိုတင်ပြပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပေါင်းစပ်ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားလိုပါတယ်။

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**

**မေး။ ။ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါရှင့်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

ဖြေ။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လက်အောက်မှာ ဌာနပေါင်း ၂၀ ရှိပါတယ်။ အဲဒီဌာနပေါင်း ၂၀ အနက်မှာ စီမံကိန်းနဲ့ ပတ်သက်တဲ့လက်အောက်မှာ ဌာန ခုနစ်ခုရှိပြီး ဘဏ္ဍာရေးလက်အောက်မှာ ဌာန ၁၃ ခု ရှိပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့သက်တမ်း နှစ်နှစ်အတွင်းမှာ ကြိုးပမ်းဆောင်ရွက်ချက်တွေလည်း များစွာရှိပါတယ်။ အဲဒီမှာ အပိုင်းအားဖြင့် သုံးပိုင်းရှိပြီး ဘဏ္ဍာရေးမူဝါဒဆိုင်ရာကဏ္ဍ၊ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကဏ္ဍနဲ့ အာမခံလုပ်ငန်း၊ အသေးစား ချေးငွေလုပ်ငန်းနဲ့ အရင်းအနှီးဈေးကွက်ပိုင်းဆိုင်ရာ ကဏ္ဍတွေဖြစ်ပါတယ်။

**ဘဏ္ဍာရေးမူဝါဒပိုင်းဆိုင်ရာကဏ္ဍ**

ဘဏ္ဍာရေးမူဝါဒမှာ အဓိကအားဖြင့် အခွန်ကောက်မူဝါဒနဲ့ အသုံးစရိတ်မူဝါဒဆိုပြီး နှစ်ပိုင်း ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ ရဲ့ ပုဒ်မခွဲ (ခ)မှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိတဲ့ ဥပဒေသုံးခုကို ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုရဲ့ နှစ်စဉ်အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုရဲ့နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနဲ့ ပြည်ထောင်စုရဲ့ နှစ်စဉ်အခွန်အကောက်ဆိုင်ရာ ဥပဒေတို့ဖြစ်ပါတယ်။ လွှတ်တော်ကို တင်သွင်းရာမှာလည်း ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းရပြီး ဆွေးနွေးဆုံးဖြတ်ကြပြီး အတည်ပြုပြဋ္ဌာန်းကြပါတယ်။ ဒီဥပဒေသုံးခုစလုံးကို ကျွန်တော်တို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူရေးဆွဲပြီး သက်ဆိုင်ရာဘဏ္ဍာရေးကော်မရှင်၊ စီမံကိန်းကော်မရှင်တွေကို ဖြတ်သန်းပြီးတော့မှ လွှတ်တော်ကိုပေးပို့ခြင်း ဖြစ်ပါတယ်။

စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲတဲ့ဥပဒေတွေထဲမှာ အခွန်အကောက်ဆိုင်ရာ ဥပဒေလည်းပါပြီး အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံရရှိရေး တစ်ခုတည်းကိုပဲ ကြည့်တာမဟုတ်ပါဘူး။ အခွန်အကောက်ကို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းရာမှာ လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးပြုရတာဖြစ်ပါတယ်။ ပြည်တွင်းအခွန်များ ဦးစီးဌာနသည်လည်း အဆင့်ဆင့်အခွန်ရုံးများကို တိုးချဲ့ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရတာကတော့ အရင်ကအခွန်ထမ်းဖို့အတွက် လူကိုယ်တိုင်ကောက်ယူတဲ့စနစ်ကနေ နောက်ပိုင်းမှာ အခွန်ထမ်းကနေ မိမိကိုယ်တိုင် မိမိထမ်းဆောင်ရမယ့်အခွန်ကို တွက်ချက်စည်းကြပ်ပြီး တာဝန်ထမ်းဆောင်စေတဲ့စနစ်ကို ဖော်ဆောင်ခြင်းဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှာ စနစ်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာတွေကို ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေပါတယ်။ အကောက်ခွန်ဦးစီးဌာနမှာဆိုရင် မြန်မာ့အလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) စနစ်ကို ရန်ကုန်မြို့ဆိပ်ကမ်းတွေမှာ လုပ်ဆောင်တဲ့အတွက် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်တွေ အချိန်ကုန်သက်သာပြီး လုပ်ငန်းအဆင်ပြေခဲ့ပြီဖြစ်ပါတယ်။ ဒီစနစ်ကို ရန်ကုန်မြို့တွင်သာမက မြဝတီ၊ မူဆယ်စတဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းတွေမှာလည်း ကျင့်သုံးဖို့ပြင်ဆင်နေပြီ ဖြစ်ပါတယ်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ ရငွေ၊ သုံးငွေအခြေအနေတွေနဲ့ ပြည်သူတွေအတွက် ထိရောက်ပြီး အကျိုးရှိမယ့် စီမံကိန်းတွေမှာသုံးစွဲနိုင်ဖို့ စိစစ်ပြီးတော့ လွှတ်တော်နဲ့ပေါင်းစပ် ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း ဖြေကြားပေးပါရှင့်။**



ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ အရောင်းအဝယ်ဆောင်ရွက်နေစဉ်။

ဖြေ။ ။ ကျွန်တော်တို့ဆီမှာ နိုင်ငံတော်ဘဏ်လေးခုရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ အစိုးရဘဏ်တွေရော၊ ပုဂ္ဂလိကဘဏ်တွေကိုရော ကြီးကြပ်ကွပ်ကဲရမယ့် တာဝန်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနကတော့ နိုင်ငံတော်ဘဏ်လေးခုရဲ့ ပိုင်ရှင်အဖြစ်နဲ့ နိုင်ငံတော်အစိုးရကိုယ်စား စီမံခန့်ခွဲမှုတာဝန်တွေကို ယူပြီးဆောင်ရွက်ပေးရပါတယ်။ နိုင်ငံတော်က နိုင်ငံတော်ဘဏ်တွေကို အသုံးပြုပြီး ပြည်သူ့အကျိုးအတွက် လိုအပ်တဲ့ မူဝါဒပိုင်းဆိုင်ရာချေးငွေတွေ ဥပမာအားဖြင့် SMEs ချေးငွေတွေ၊ လယ်ယာကဏ္ဍချေးငွေတွေကို ချေးပေးနေပါတယ်။ ဒီလိုချေးငွေပေးရာမှာလည်း ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးအစီအစဉ်ကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးယူနိုင်ခဲ့တဲ့အတွက် အစိုးရကနေ ပြန်လည်ချေးငွေထုတ်ပေးတဲ့အခါ ပိုပြီးအဆင်ပြေလာပါတယ်။ ကျွန်တော်တို့ စီးပွားရေးဘဏ်ကနေလည်း လယ်ယာကဏ္ဍ၊ SMEs ကဏ္ဍတွေအပြင် ဆောက်လုပ်ရေးကဏ္ဍတွေမှာ ချေးငွေထုတ်

အထူးကဏ္ဍ [ ဃ ] သို့ »»»

»» အထူးကဏ္ဍ [ ၈ ] မှ

ပေးတာတွေလည်း ရှိပါတယ်။

**မေး။ ။အာမခံလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်းနဲ့ ငွေကြေးဈေးကွက်ဆိုင်ရာတွေမှာ ဆောင်ရွက်နေတဲ့အခြေအနေတွေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။အာမခံလုပ်ငန်းမှာ နိုင်ငံပိုင်အာမခံလုပ်ငန်းတစ်ခု၊ ပုဂ္ဂလိကအာမခံလုပ်ငန်းက ၁၁ ခု ရှိလာပြီဖြစ်ပါတယ်။ နိုင်ငံမှာ အာမခံအမျိုးအစား ၁၈ မျိုးအထိ တိုးမြှင့်ဆောင်ရွက်နေပါတယ်။ နိုင်ငံရဲ့ ဂျီဒီပီ၊ နိုင်ငံ့လူဦးရေနဲ့ နှိုင်းယှဉ်ရင်တော့ အာမခံလုပ်ငန်းဟာ နည်းပါးနေပါသေးတယ်။ ဒါကြောင့် နိုင်ငံခြားအာမခံကုမ္ပဏီတွေရဲ့ ကိုယ်စားလှယ်ရုံးခွဲ ၂၆ ခုကို ခွင့်ပြုပေးခဲ့ပါတယ်။ ဒီ ၂၆ ခုကို အခြေပြုပြီး နိုင်ငံခြားအာမခံကုမ္ပဏီတွေလည်း ပြည်တွင်းမှာ ဆောင်ရွက်မယ်ဆိုရင် ခွင့်ပြုနိုင်အောင် စီစဉ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း အတိုင်ပင်ခံကုမ္ပဏီကို ငှားရမ်းပြီးတော့မှ လုပ်ငန်းပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ အသေးစားချေးငွေ လုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းအကြောင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ ဒီလိုလုပ်ငန်းတွေကို အခြေခံလူတန်းစားတွေဖြစ်တဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ကစလို့ ကျေးလက်မှာဆိုလည်း တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေအပါအဝင် လုပ်ငန်းငယ်လေးတွေအတွက် အသေးစားချေးငွေလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် အဖွဲ့အစည်းပေါင်း ၁၇၆ ခုရှိပြီး တိုင်းနှင့် ပြည်နယ်အားလုံးမှာလည်း ဆောင်ရွက်မှုတွေ မြှင့်တင်နေပါတယ်။ လူဦးရေအားဖြင့် ၃ ဒသမ ၂ သန်းအထိ ချေးငွေထုတ်ပေးပြီး ငွေအားဖြင့် ဘီလီယံ ၃၈၀၀ ကျော် လည်ပတ်ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် အခြေခံလူတန်းစားတွေအတွက် များစွာအကျိုးရှိစေခဲ့ပါတယ်။

**မေး။ ။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ အရင်းအနှီးဈေးကွက်ဟာ နိုင်ငံတော်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးဆက်အောင်

ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအရေးပါပါတယ်။ လုပ်ငန်းတွေ စတင်တည်ထောင်လိုတဲ့အခါ၊ လုပ်ငန်းချဲ့ထွင်လိုတဲ့အခါ လိုအပ်တဲ့အရင်းအနှီးတွေကို အရင်းအနှီးဈေးကွက်မှာ လာရောက်ရှာဖွေနိုင်ပါတယ်။ ဝန်ကြီးဌာနကနေ တည်ထောင်ပေးထားတဲ့ အရင်းအနှီးဈေးကွက်ကတော့ အခုဆိုရင် ရန်ကုန်စတော့အိတ်ချိန်းဖြစ်ပြီး နှစ်နှစ်တာကာလရှိခဲ့ပါပြီ။ နှစ်နှစ်တာအတွင်းမှာ လုပ်ငန်းငါးခုကနေ စတော့ရှယ်ယာတွေကို အရောင်းအဝယ်လုပ်ပါတယ်။ အရောင်းအဝယ်လုပ်ပေးတဲ့ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက ခြောက်ခုရှိပါတယ်။ ရင်းနှီးမြှုပ်နှံလိုသူတွေဟာ ရောင်းနိုင် ဝယ်နိုင်ပြီး ဒီလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲဖို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်စေပါတယ်။ မကြာမီ အရင်းအနှီးဈေးကွက်ကိုလည်း ဆက်လက်တိုးချဲ့သွားဖို့ နိုင်ငံတော်အစိုးရက ရည်မှန်းထားပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဝန်ကြီး**

**မေး။ ။ စီမံကိန်းလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြောင်းလဲကျင့်သုံးခဲ့တဲ့ ပုံသဏ္ဌာန်တွေရှိရင်လည်း သိပါရစေရှင့်။**

ဖြေ။ ။ အမြဲတမ်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေထက် နောက်ပိုင်းမှာ ထူးထူးခြားခြား ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေအကြောင်းကို ပြောကြားလိုပါတယ်။ ပထမအချက် အနေနဲ့က အဓိကပြောင်းလဲမှုကြီးတစ်ရပ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသေးစိတ်ဗျူဟာတွေနဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ထူးခြားချက်က အရင်လက်ထက်တွေမှာတော့ ကျွန်တော်တို့ မူဝါဒလားရာဆိုတဲ့ ဦးတည်ချက်တွေကို ဆောင်ရွက်ပါတယ်။ အဲဒီလိုမူဝါဒတွေ ထုတ်ပြန်ခဲ့ပေမယ့်လည်း တကယ်တမ်း အကောင်အထည်ဖော်ဆောင်နိုင်မယ့် ဗျူဟာအသေးစိတ်နဲ့ လုပ်ငန်းစဉ်အသေးစိတ်တွေကို ရေးဆွဲနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အဲဒီလို ဗျူဟာအသေးစိတ်၊ လုပ်ငန်းစဉ်အသေးစိတ်တွေ မရှိတဲ့အတွက် မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ အားလုံးပြီးပြည့်စုံတဲ့ ရှုထောင့်ပေါင်းစုံက ဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိတော့ ဆောင်ရွက်မှုအားနည်းခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အခုအချိန်မှာတော့ အသေးစိတ်မူဝါဒတွေ၊ အသေးစိတ်လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဗျူဟာတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်နိုင်တာနဲ့ အကောင်အထည် ဖော်တာနဲ့ဆိုရင် အကောင်အထည်ဖော်တဲ့လုပ်ငန်းဟာလည်း ပိုပြီးအရေးကြီးပါတယ်။

**မေး။ ။ စီးပွားရေးမူဝါဒတွေ အကောင်အထည်ဖော်ဖို့အတွက် အသေးစိတ်ဆောင်ရွက်နေတဲ့ အပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။ မူဝါဒတွေရဲ့ ဗျူဟာနဲ့ လုပ်ငန်းစဉ် အသေးစိတ်တွေကို အကောင်အထည်ဖော်ရာမှာလည်း လုပ်ငန်းစဉ် သုံးခုချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ပထမအဆင့်က အသေးစိတ်ဗျူဟာတွေ၊ လုပ်ငန်းစဉ်တွေရဲ့ အောက်မှာ လုပ်ငန်းတွေအကောင်အထည်ဖော်ဖို့ စီမံကိန်းတွေကို စတင်ဆောက်ရွက်ရပါတယ်။ ဒီလိုစီမံကိန်းတွေကို ဖော်ထုတ်ပြီးတဲ့အချိန်မှာ အဲဒီစီမံကိန်းတွေထဲက အရေးကြီးတဲ့ စီမံကိန်းတွေ၊ ဦးစားပေးရမယ့် စီမံကိန်းတွေကို ကျွန်တော်တို့က ဆွဲထုတ်ရပါတယ်။ အရင်ကတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်မယ့် စီမံကိန်းတွေကိုပဲ ဆွဲထုတ်ပါတယ်။ အခုအချိန်မှာတော့ ဦးစားပေးစီမံကိန်းတွေထဲကမှ ဘယ်စီမံကိန်းတွေကို ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်မလဲ၊ ဘယ်လိုစီမံကိန်းတွေကို နိုင်ငံတော်ကရင်းနှီးပြီးတော့ ဆောင်ရွက်မလဲ၊ ဘယ်လိုစီမံကိန်းတွေကို ဖွံ့ဖြိုးမှုအကူအညီတွေနဲ့ ဆောင်ရွက်မလဲဆိုတာကို ဒုတိယအဆင့်အနေနဲ့ ဆွဲထုတ်ရပါတယ်။ ဒါကိုမှ နောက်ဆုံးအဆင့်ဖြစ်တဲ့ PIP လို့ခေါ်တဲ့ နိုင်ငံတော်က ဆောင်ရွက်မှုနဲ့ နိုင်ငံတော်ရဲ့ ဗျူဟာတွေကို ဘယ်လိုဘယ်နည်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ကို ပွင့်လင်းမြင်သာစွာနဲ့ ဖော်ထုတ်ပေးမှာဖြစ်ပါတယ်။

အဲဒီတော့ အဲဒီလိုစီမံကိန်းတွေ လုပ်ဆောင်ရာမှာလည်း သေချာစွာဆောင်ရွက်ပေးနိုင်ဖို့ စောင့်ကြည့်ပေးမယ့် အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းထားမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ငန်းစဉ်တွေမှာ ထူးခြားတဲ့အဓိကအချက်တွေက ကျွန်တော်တို့သည် စီမံကိန်းနဲ့ ဘတ်ဂျက်ဆက်စပ်မှုကို အမြဲတမ်းဆောင်ရွက်နေတာဖြစ်ပြီး အခုချိန်မှာ စီမံကိန်းနဲ့ ဘတ်ဂျက်ချိတ်ဆက်မှုတစ်ခုတည်းတင်မဟုတ်တော့ဘဲ စီမံချက်၊ စီမံကိန်းနဲ့ ငွေကြေးအရင်းအမြစ် စတဲ့ သုံးခုကို သေသေချာချာ ချိတ်ဆက်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်ကနေ သက်ဆိုင်ရာဝန်ကြီးဌာနတွေ မိမိသက်ဆိုင်ရာဌာနကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ အစီအစဉ်တွေနေရာမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပေါင်းစပ်ပြီးတော့ ဆောင်ရွက်တဲ့စနစ်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒီစနစ်ကို စတင်ကူးပြောင်းနိုင်ပြီဆိုရင်တော့ ဌာနအချင်းချင်း၊ ကဏ္ဍအချင်းချင်း ပေါင်းစပ်မှုတွေကလည်း ထိရောက်တဲ့ ပေါင်းစပ်မှုတွေ ဖြစ်လာမှာပါ။ အဲဒီအချိန်မှာတော့ ကျွန်တော်တို့ အမြဲတမ်းဆောင်ရွက်နေတဲ့ National Development Plan မှာလည်း အားလုံးပုံစံအသစ်နဲ့ ပြန်ပြီးတော့ ပူးပေါင်းပါဝင်နိုင်မှာ ဖြစ်ပါတယ်။ ။





သီလဝါအထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။

# ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဆောင်ရွက်ခဲ့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ

● ရှင်မင်း၊ ဓာတ်ပုံ-သန်းနိုင်ဦး(ငဖဲ)

**မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားပြီး အလုပ်အကိုင်အခွင့်အလမ်း ရှားပါး၍ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားသည့် အားနည်းချက်များနှင့် ဒေသအဖြစ် တည်ရှိနေမှုကိုကျော်လွန်၍ တိုင်းဒေသကြီးအတွင်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။**

ဒုတိယ(၁)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများ အချိုးညီဖွံ့ဖြိုးမှု ရရှိစေရန် အဓိကထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးခေါင်ရေရှားသည့် ဒေသဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း သောက်သုံးရေရရှိရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အလေးပေးကာ ငွေကျပ် ၅၆၃ ဒသမ ၀၄၀၇ သန်း သုံးစွဲဆောင်ရွက်ခဲ့သည်။

“မကွေးတိုင်းဒေသကြီးဟာ မိုးခေါင်ရေရှားဒေသဖြစ်တယ်။ ဒါကြောင့် ဒေသခံပြည်သူတွေ သန့်ရှင်းတဲ့ သောက်သုံးရေဖူလုံစွာရရှိစေဖို့ ငွေကျပ် ၅၆၃ ဒသမ ၀၄၀၇ သန်း သုံးစွဲပြီးတော့ စက်ရေတွင်းတူးတာ၊ ရေပိုက်သွယ်တန်းတာ အပါအဝင် ရေရရှိရေးလုပ်ငန်း ၁၂၂ ခုကို အကောင်အထည်ဖော်ပေးနိုင်ခဲ့တယ်။ ဒါ့အပြင် ကျေးလက်ဒေသတွေမှာလည်း တွင်းတိမ်၊ တွင်းနက်၊ လက်တူးကန်၊ မြေသားရေကန် စတာတွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

ကျေးလက်ဒေသများ ရေရရှိရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူးကန်၊ မြေသားရေကန် တူးဖော်ဆောင်ရွက်ခြင်း အပါအဝင် ရေရရှိရေးလုပ်ငန်း စုစုပေါင်း ၃၉၈ ခုကို ငွေကျပ် ၄၃၆၂ ဒသမ ၆၃၃၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

> တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ကျောက်လမ်းခင်းခြင်း၊ မြို့ပြလမ်းများ ဖောက်လုပ်ခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့

မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိသည့် ဧရာဝတီမြစ်၊ မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်း၊ ပင်းချောင်း၊ မြစ်သာမြစ်တို့မှ ရေကို အသုံးပြုနိုင်ရန် ဘက်စုံရေလှောင်တမံကြီးများ တည်ဆောက်ကာ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိသည်။

စိုက်ပျိုးရေ ရရှိရေးအတွက် အားဖြည့်ပေးလျက်ရှိသည့် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခွဲဝေရရှိသည့် ရန်ပုံငွေကျပ် ၆၆၀၆ ဒသမ ၂၂၆ သန်းကို အသုံးပြု၍ လုပ်ငန်း ၁၉၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံလက်ယက်တွင်း လုပ်ငန်းရှင်များထံမှ ရရှိသည့် ရန်ပုံငွေကျပ် ၆၈ ဒသမ ၂၀ သန်းဖြင့် ရွှေစက်တော် မင်္ဂလာကန်လျှိုပိတ်တမံ တည်ဆောက်ခြင်း၊ အထွေထွေပိုလျှံ ရန်ပုံငွေမှ ရရှိသည့် ရန်ပုံငွေ ကျပ် ၁၇ သန်းဖြင့် ဝက်သည်းကန်တာပေါင်အုတ်စီခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုလည်း ကျပ် ၂၈၄၃ ဒသမ ၄၁၃ သန်း အသုံးပြုဆောင်ရွက်ခဲ့သည်။



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို

“သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ ရရှိရေးဆောင်ရွက်မှုတွေနဲ့အတူ ဒေသခံတောင်သူတွေအတွက် အခုဘဏ္ဍာနှစ်မှာ စီးပွားဖြစ် မျိုးသန့်မျိုးပွားထုတ်လုပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တယ်။ ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တွေ အသုံးပြုနိုင်ဖို့ သင်တန်းပေးတာတွေ၊ တောင်သူတွေ သဘောကျ နှစ်သက်တဲ့ မျိုးတွေ ရွေးချယ်စိုက်ပျိုးစေနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ကျောက်လမ်းခင်းခြင်း၊ မြို့ပြလမ်းများ ဖောက်လုပ်ခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“တိုင်းဒေသကြီးအတွင်း ကတ္တရာလမ်းခင်းတာ၊ ကတ္တရာလမ်းချဲ့တာ၊ ထပ်ပိုးလွှာခင်းတာ၊ ကျောက်လမ်းခင်းတာ၊ လမ်းတွေဖောက်လုပ်တာတွေကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ကျပ် ၇၂၈၂၇ ဒသမ ၈၃၆ သန်းနဲ့ ၄၈၄ မိုင် ၁ ဖာလုံကို ဆောင်ရွက်ခဲ့တယ်။ တံတားလုပ်ငန်းတွေအတွက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၄၉၆၀ ဒသမ



မကွေးတိုင်းဒေသကြီး လွှတ်တော်တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ၈ ] သို့ »»



တိုင်းဒေသကြီးအတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် E-Government အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

> “ တိုင်းဒေသကြီးအတွင်းက အန္တရာယ်ရှိ ကျောင်းဆောင် ၁၃၆ ဆောင်၊ ဥပမိရုပ် မကောင်းတဲ့ ကျောင်းဆောင် ၇၃ ဆောင်ကို ဖျက်သိမ်းပြီးတော့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခဲ့ ”

»»» အထူးကဏ္ဍ [ င ] မှ

၅၆၉၃ နဲ့ တံတား ၂၉၅ စင်းကို အကောင်အထည်ဖော်ပေးနိုင်ခဲ့တယ်” ဟု ဝန်ကြီးချုပ်က ပြောသည်။

ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်တို့ဖြင့် မကွေးမြို့ပေါ်ရှိ သစ္စာလမ်းနှင့် တောင်တွင်းလမ်းတို့အား လမ်းတာတိုးချဲ့ခြင်း၊ လမ်းမျက်နှာပြင်ဖြေညှိခြင်း၊ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း၊ လိုအပ်သောနေရာများတွင် ကွန်ကရစ်ရေပြွန် တံတား တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အားစိုက်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း အခြေခံပညာ အထက်တန်းကျောင်း ၄၉ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၃၅၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၂၀၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄၀၊ မူလတန်းကျောင်း ၈၆ ကျောင်း မူလတန်းကျောင်း(ခွဲ) ၅၄ ကျောင်း စုစုပေါင်း ၁၀၀၂ ကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။

“တိုင်းဒေသကြီးအတွင်းက အန္တရာယ်ရှိ ကျောင်းဆောင် ၁၃၆ ဆောင်၊ ဥပမိရုပ် မကောင်းတဲ့ ကျောင်းဆောင် ၇၃ ဆောင်ကို ဖျက်သိမ်းပြီးတော့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခဲ့တယ်။

ပြီးတော့ ဆရာ ဆရာမတွေအတွက် ဝန်ထမ်းအိမ်ရာ ၁၅ ဆောင် ဆောက်လုပ်ပေးနိုင်ခဲ့တယ်။ အခြေခံပညာကျောင်း ၂၃၀ အတွက် စာသင်ခုံ နိမ့်/မြင့် ၈၈၇၆ စုံကို ရန်ပုံငွေကျပ်သန်း ၄၇၂ ဒသမ ၃၁၉၀ အသုံးပြုပြီး ဝယ်ယူဖြည့်တင်းနိုင်ခဲ့တယ်။ ဒါ့ပြင် အခြေခံပညာကျောင်း၊ ရုံးတွေရဲ့ အဆောင် ၆၆၉ ဆောင်ကို ရန်ပုံငွေ ကျပ်သန်းပေါင်း ၄၆၇၈ ဒသမ ၁၉၀၇ သန်းနဲ့ ပြင်ဆင်ဆောက်လုပ်နိုင်ခဲ့တယ်။

ဒါ့ပြင် ကျောင်းတွေမှာ သန့်စင်ခန်း လိုအပ်နေတာ၊ သောက်သုံးရေ လိုအပ်နေတာ၊ ကျောင်းဝန်းလုံခြုံမှု လိုအပ်နေတာ၊ ရေဝင်ရောက်လို့ သန့်ရှင်းရေးပြုလုပ်ဖို့ လိုအပ်နေတာ စသဖြင့် လိုအပ်ချက်တွေ ရှိနေတဲ့ ကျောင်းတွေအတွက် ရန်ပုံငွေကျပ် ၁၆၁၀ ဒသမ ၈၀၆၁ သန်းနဲ့ ဖြည့်ဆည်းဆောင်ရွက်ပြီးတော့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ ပညာသင်နိုင်အောင် ဆောင်ရွက်ပေးခဲ့တယ်” ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ ချင်းတိုင်းရင်းသားလူမျိုးများအနေဖြင့် သက်ဆိုင်ရာ ချင်းမျိုးနွယ်စုစာပေများကို သင်ကြားခွင့်ရရှိနိုင်ရေးအတွက် ချင်းတိုင်းရင်းသားစာပေ သင်ကြားမည့် ဆရာ ဆရာမ ၅၄၃ ဦးတို့ကို ခန့်ထားတာဝန်ပေးအပ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၄၈၄၀ အထိ တိုးတက်ပညာသင်ကြားခွင့်ရခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသည့် မကွေးတိုင်းဒေသကြီးသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၇၃၀၅ ဒသမ ၆၂ မိုင်ကျယ်ဝန်းကာ အိမ်ထောင်စု ၉၂၅၄၂၄၊ လူဦးရေစုစုပေါင်း ၄၁၇၆၄၄၁ဦး နေထိုင်ပြီး ခရိုင် ငါးခရိုင်၊ မြို့ပေါင်း ၃၀၊ ကျေးရွာအုပ်စု ၁၅၃၅ အုပ်စု၊ ကျေးရွာပေါင်း ၄၈၀၃ ဖြင့် ဖွဲ့စည်းထားသည်။

တိုင်းဒေသကြီးအတွင်း နေထိုင်သည့် လူဦးရေ ၄၁၇၆၄၄၁ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်အောင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းလျက်ရှိသည်။

တိုင်းဒေသကြီး၏ ကျန်းမာရေးကဏ္ဍနှင့်

အထူးကဏ္ဍ [ ဆ ] သို့ »»»



ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးမည့် ပွင့်ဖြူမြို့နယ် သရက်တောတိုက်နယ် ၁၆ ခုတင်ဆံ့ ဆေးရုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ စ ] မှ

စပ်လျဉ်း၍ ဝန်ကြီးချုပ်က "မြို့နယ်အသီးသီးက ကျေးလက်ကျန်းမာရေးဌာန ၁၆ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၆ ခုတို့ကို ကျပ်သန်းပေါင်း ၈၄၄၈ ဒသမ ၃၄၅ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁၄ ခု ပြင်ဆင်ထိန်းသိမ်းတာကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၂၃၉ ဒသမ ၆၈၆ သန်းနဲ့ ဆောင်ရွက်ခဲ့တယ်။ တိုက်နယ်ဆေးရုံ ၁၀ ရုံမှာ ခွဲစိတ်ခန်းအပါအဝင် လူနာဆောင်၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်တာတွေကိုလည်း ကျပ်သန်း ၆၇၁၈ သန်းနဲ့ ဆောင်ရွက်ခဲ့တယ်။

ဒါ့ပြင် ဆေးနဲ့ ဆေးပစ္စည်းအမျိုးအစား ၁၉၀ ဝယ်ယူဖြည့်တင်းနိုင်ဖို့ ငွေကျပ် သန်း ၂၅၈၅ ဒသမ ၇ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်။ တိုက်နယ်ဆေးရုံ ၇၀၊ မြို့နယ်ဆေးရုံ ၂၅ ရုံ၊ ခုတင် ၁၀၀ ဆေးရုံ သုံးရုံအတွက် ဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်သုံးပစ္စည်းတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျပ်သန်း ၁၈၀၀ နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့တယ်" ဟု ပြောသည်။

ငွေကျပ် ၁၄ ဒသမ ၈၅၄ ဘီလီယံကို သုံးစွဲကာ ကျေးရွာပေါင်း ၁၈၈ ရွာနှင့် အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်သုံးစွဲလာနိုင်စေခဲ့သည်။

"ငွေကျပ် ၁၄ ဒသမ ၈၅၄ ဘီလီယံနဲ့ ၁၁ ကေဗွီလိုင်း ၂၄၇ ဒသမ ၃၅၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ အလုံး ၂၀၀၊ ၄၀၀ဗို့ ဓာတ်အားလိုင်း ၆၇ ဒသမ ၆၁၇ မိုင်ကို တည်ဆောက်ပြီး ကျေးရွာပေါင်း ၁၈၈ ရွာနဲ့ အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု လျှပ်စစ်ပိုသုံးစွဲနိုင်ဖို့ ဆောင်ရွက်ခဲ့တယ်။ ဒါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်တာပါ။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း ငွေကျပ် ၅ ဘီလီယံခန့်နဲ့ ၁၁ ကေဗွီလိုင်း ၆၇ ဒသမ ၈၂၃ မိုင်၊ ၁၀/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၅၈ လုံးနဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၄ ဒသမ ၁၆၁ မိုင် တည်ဆောက်ပြီးတော့ ကျေးရွာပေါင်း ၃၅ ရွာအတွက် ဆောင်ရွက်နိုင်ခဲ့တယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းကာ စက်မှုနှင့် အသက်မွေးပညာရွှေ့လျားသင်တန်းအငှားအိမ်ရာ အကောင်အထည်ဖော်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မကွေးမြို့နယ်မှာ နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ ရှစ်ခန်းတွဲ ငါးထပ် သုံးလုံး၊ အခန်းပေါင်း ၁၂၀ ကို ကျပ်သန်း ၂၁၅၂ ဒသမ ၈၀၀ နဲ့ ဆောင်ရွက်နိုင်ခဲ့သလို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မကွေးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မင်းဘူးမြို့၊ သရက်မြို့နဲ့ ပခုက္ကူမြို့တွေမှာ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ် တစ်လုံးစီ၊ အခန်းပေါင်း ၃၂၅ ခန်း ပါဝင်တဲ့ ခုနစ်လုံးကို ကျပ်သန်း ၆၁၀၀ နဲ့ အကောင်အထည်ဖော်နိုင်တယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ဒုတိယ (၁)နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှရရှိသော အကျိုးအမြတ်များထဲမှ ၂ ရာခိုင်နှုန်းကို အသုံးပြု၍ လူမှုတာဝန်သိမှု(CSR) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါလုပ်ငန်းအစီအစဉ်တွင် ပညာရေး

အထူးကဏ္ဍ [ ဇ ] သို့ »»»



မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ထရန်စဖော်မာ တပ်ဆင်ပေးနေစဉ်။



မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း၌ ပြုလုပ်သော မော်တော်ယာဉ်နည်းပညာစွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်။

**မကွေးတိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍတိုးတက်စေရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အသုံးစရိတ် ရန်ပုံငွေ၊ တိုင်းဒေသကြီး ကုန်သွယ်လုပ်ငန်းခွန်နှင့် အခွန်ဝေစုရငွေ စုစုပေါင်း ငွေကျပ် ၁၄ ဒသမ ၈၅၄ ဘီလီယံကို သုံးစွဲကာ ကျေးရွာပေါင်း ၁၈၈ ရွာနှင့် အိမ်ထောင်စုပေါင်း ၁၀၉၇၈ စု လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်သုံးစွဲလာနိုင်**

တိုင်းဒေသကြီးအတွင်းရှိ ဂန့်ဂေါပြည်သူ့ဆေးရုံ၊ မြောက်ခင်ရမ်းတိုက်နယ်ဆေးရုံ၊ စေတုတ္တရာမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆောမြို့နယ်ဆေးရုံတို့အတွက် ဓာတ်မှန်စက် တစ်လုံးစီကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ၁၀ ကေဗွီအေ မီးစက် တစ်လုံးကို လည်းကောင်း၊ မြို့နယ် ၂၅ မြို့နယ်အတွက် ကာကွယ်ဆေး သိုလှောင်သိမ်းဆည်းရန် Ice Line Refrigerator (ILR) အလုံးရေ ၃၂ လုံး၊ Freezer ၂၅ လုံး၊ ဆိုလာရေခဲသေတ္တာ ၁၅ လုံးကို ဝယ်ယူဖြည့်တင်းနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုက်နယ်ဆေးရုံ ၂၉ ရုံအတွက် ဆေးရုံတစ်ရုံလျှင် ရန်ပုံငွေကျပ် ၁၀ သိန်းစီဖြင့် သိန်း ၂၉၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍတိုးတက်စေရန် ဆောင်ရွက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အသုံးစရိတ် ရန်ပုံငွေ၊ တိုင်းဒေသကြီး ကုန်သွယ်လုပ်ငန်းခွန်နှင့် အခွန်ဝေစုရငွေ စုစုပေါင်း ငွေကျပ် ၁၄ ဒသမ များဖြစ်သည့် လျှပ်စစ်အခြေခံသင်တန်း၊ အသေးစားအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်း၊ အခြေခံဂဟေဆက် သင်တန်းများကို တစ်ခရိုင်လျှင် သင်တန်း သုံးမျိုးဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဟောပြောပွဲများကိုလည်း ပြုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် မကွေးမြို့တွင် ဒုတိယအကြိမ်မြောက် MSMEs Trade Promotion အား မကွေး၊ ချင်း၊ ရခိုင်၊ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ ဆိုင်ခန်းပေါင်း ၁၅၀ ဖြင့် ခင်းကျင်းပြသခဲ့ရာ ခင်းကျင်းပြသသည့် သုံးရက်တာအတွင်း ရောင်းချရငွေကျပ် သိန်းပေါင်း ၄၀၇ သိန်းခန့် ရရှိခဲ့သည့်အပြင် SME Member Card များကို လူဦးရေ ၂၀၀၀ ခန့် လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မကွေးတိုင်းဒေသကြီးမှ နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှု အဆင်ပြေချောမွေ့စေရေးအတွက်



ဒေသထွက်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွင် တွေ့ရသည့် ထန်းလက်မှုထည်။

»»» အထူးကဏ္ဍ [ ဆ ] မှ

ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ လူမှုရေးအထောက်အကူပြု ကဏ္ဍ၊ အထွေထွေနှင့် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်မှုပါဝင်ကာ စုစုပေါင်း လုပ်ငန်း ၄၄ ခုအတွက် ကုန်ကျငွေကျပ် ၂၂၁၈၉၈၉၆၅ ဖြင့် ကျခံဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ၂၆ ရုံးကို ငွေကျပ်သန်း ၂၆၉ ဒသမ ၈၀၀ သန်း အသုံးပြုတည်ဆောက်ပေးခဲ့သည်။

အစိုးရအဖွဲ့၏ ဒုတိယနှစ် (၁)နှစ်တာကာလအတွင်း ဆောင်ရွက်မှုတစ်ခုမှာ ကျေးရွာမြေပုံဂရန် ၂၁၉၅ ခုအပါအဝင် တစ်ဧကအောက် မြေပုံဂရန် ၅၆၄၂ ခု၊ တစ်ဧကမှ ငါးဧကအထိ ၂၆ ခု၊ ငါးဧကအထက် တစ်ခုတို့ကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွားလုပ်ကိုင်ရန် မြေပုံဂရန်ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၁-၁-၂၀၁၃ ရက်မှစတင် ဆောင်ရွက်ခဲ့ပါသည်။

“မကွေးတိုင်းဒေသကြီး အတွင်းမှာ ရပ်ကွက်/ကျေးရွာအုပ်စု ၁၅၉၇ အုပ်စု၊ ကွင်း/အကွက်ပေါင်း ၉၉၃၀၊ တောင်သူပေါင်း ၉၈၁၄၁၂ ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း ၁၇၅၆၇၆၃ ခု၊ လက်ရှိဧရိယာ ၂၉၈၃၀၂၁ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးခြင်းအနေနဲ့ ၂၈-၂-၂၀၁၈ ရက်အထိ ဦးပိုင်ပေါင်း ၁၇၁၉၉၀၈ ခုကို လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့တယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တစ်တာကာလအတွင်း တိုင်းဒေသကြီး မှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်ရေးတင်ပြလာသည့် အသင်းအဖွဲ့ ၂၇ ဖွဲ့ကိုလည်းကောင်း၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ ခြောက်ဖွဲ့ကိုလည်းကောင်း၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလာသည့် အသင်းအဖွဲ့ ၂၄၃ ဖွဲ့ကိုလည်းကောင်း မှတ်ပုံတင်လက်မှတ်များ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခင်က တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ချက်ရှိသော်လည်း ယခုအခါ မှတ်ပုံတင်ကြေးပေးသွင်းရန် မလိုအပ်သည့်အပြင် ပြစ်မှု၊ ပြစ်ဒဏ်များ လုံးဝမပါရှိဘဲ ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးလင်းရေး စသည့် ကဏ္ဍများကို အချိုးညီ တိုးတက်မှုရစေရန် အကောင်အထည်ဖော်ခဲ့ပြီး မြို့ပြများမှသည် ကျေးရွာများအထိ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်မှုမှတစ်ဆင့် တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။


မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသော ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်စဉ်။


မကွေးတိုင်းဒေသကြီးမှ အောင်မြင်ဖြစ်ထွန်းနေသော ဆီထွက်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။


မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာ အထက်တန်းကျောင်းခွဲ ရေကျော်တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

“ယခင်က တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် မှတ်ပုံတင်ကြေးပေးသွင်းရန် သတ်မှတ်ချက်ရှိသော်လည်း ယခုအခါ မှတ်ပုံတင်ကြေး ပေးသွင်းရန် မလိုအပ်သည့် အပြင် ပြစ်မှု၊ ပြစ်ဒဏ်များ လုံးဝမပါရှိဘဲ ဖြေလျှော့ ဆောင်ရွက်ပေးခဲ့”